မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်၊ ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာ ၂ရက်၊ ကြာသပတေးနေ့၊ အတွဲ(၅၀)၊ အမှတ်(၆၃)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

လာအိုနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

လာအိုနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

လာအိုနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဂုဏ်ပြုသီဆို

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နေပြည်တော်ခရိုင် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ကျောင်းသား ကျောင်းသူများက 'ပြည်မြန်မာ'သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြစဉ်။ (သတင်းစဉ်)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများ နေပြည်တော်၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးဟူသည့် ဦးတည်ချက်များနှင့်အညီ ၂၀၁၀ခုနှစ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂ ရက်)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေး တိုင်းရင်းသားပြည်သူများ လက်တွဲပူးပေါင်းပါဝင်

ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အိပ်ချ်အိုင်ဗွီ ကူးစက်ခံရသူများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်၍ နှစ်စဉ်ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားများကို နိုင်ငံအသီးသီးတွင် ကျင်းပကြသည်။

မြန်မာနိုင်ငံ၌ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို အမျိုးသားရေးမဟာဗျူဟာ စီမံကိန်း(၂၀၀၆-၂၀၁၀)နှင့်အညီ မဟာဗျူဟာ (၁၃)ခု ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရောဂါကာကွယ်ရေးပညာပေးလုပ်ငန်းများ၊ အအေးဒီအက်စ်ရောဂါ လူနာများတွင် အဖြစ်များသော တီဘီရောဂါ အပါအဝင် အခြားအခွင့်အရေးယူ ဝင်ရောက်လာသည့် ရောဂါကုသရေးလုပ်ငန်းများ၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ၊ အေအိုင်ဒီအက်စ်လူနာများနှင့် ၎င်းတို့၏ မိသားစုများအတွက် ပြည်သူလူထုအခြေပြု ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ စသည်တို့ကို ဘက်ပေါင်းစုံပါဝင်သော ကာကွယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူများ၊ အေအိုင်ဒီအက်စ် ဝေဒနာခံစားနေရသူများနှင့် ၎င်းတို့၏ မိသားစုများအား ခွဲခြားနှိမ့်ချဆက်ဆံမှုမရှိဘဲ လူသားချင်းကိုယ်ချင်းစာနာပြီး နွေးထွေးကြည်ဖြူစွာ လက်တွဲကူညီ ပံ့ပိုးပြုစုစောင့်ရှောက်မှုပေးကြရမည်ဖြစ်သည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်နိုင်ရန်အတွက် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံရသူများနှင့် အေအိုင်ဒီအက်စ်ဝေဒနာရှင် မိသားစုများအားလုံးအား နှိမ့်ချခွဲခြားဆက်ဆံမှုကို ရှောင်ကြဉ်ကြပြီး ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးလုပ်ငန်းတွင် အမျိုးသားရေးအသွင်ဖြင့် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထို့ကြောင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ပျံ့နှံ့မှု လျော့နည်းကျဆင်းစေရန်၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများအား ပိုမိုထိရောက်စွာ ကုသပေးနိုင်စေရန် ယခုနှစ်အတွက် ''အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့၊ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့'' ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူများက အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် အရှိန်အဟုန်ဖြင့် လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြစ်ကြီးနားမြို့ ဆေးရုံကြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှု
တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲကို နိုဝင်ဘာ၂၅ရက် နံနက်ပိုင်းက မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် မြိတ်တပ်နယ်မှ တပ်မတော်သားများ စုပေါင်းပါဝင် ဆောင်ရွက်ကြသည်။

အဖွင့်အမှာစကားပြောကြား

ယင်းနောက် တိုင်းမှူးသည် တိုင်းခန်းမ၌ကျင်းပသော ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ဖွေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းတပ်စု၏ သရုပ်ပြ ဖျော်ဖြေမှုများနှင့် ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်မှုများ၊ မြန်မာ့ရိုးရာလက်ဝှေ့ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရသေ့တောင်မြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

ရသေ့တောင် ဒီဇင်ဘာ ၁

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ၂၇ရက် နံနက် ၉နာရီက ခနောင်းကြီးကျေးရွာ အုပ်စု ကွင်းအမှတ်(၄၁၂-ဃ) ဦးပိုင်အမှတ်(၃၃/၄) တောင်သူဦးကြိုင်လှအောင်၏ လယ်မြေ၌ ကျင်းပရာ အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးထွန်းကျော်ဌေး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်လှိုင်စိုး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တောင်သူများ တက်ရောက် စုပေါင်းရိတ်သိမ်းကြသည်။ **(အပေါ်ပုံ)**

စံကွက်ရိတ်သိမ်းခြင်းကို ရေဆင်းလုံးသွယ် စပါးစိုက်ခင်းတွင် ပြုလုပ်ခဲ့ပြီး တစ်ဧကလျှင် ၇၃ဒသမ ၅၃ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(မြို့နယ်စိုက်ပျိုးရေး)

စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

စီးပွားရေးတက္ကသိုလ် (၁၉၆၈-၁၉၇၂)Batch မှ ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ရက် နံနက် ၉နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ(ပင်မ)တွင် ကျင်းပပြီး မိတ်ဆုံစားပွဲကို ယင်းနေ့ ညနေ ၄နာရီတွင် Western Park I သခင်မြပန်းခြံ အလုံ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးသိန်းလွင်-ဖုန်း-၀၉-၅၁၁၄၅၈၅၊ ဦးကျော်မင်းထွန်း ဖုန်း-၀၉-၉၉၂၁၉၇၆၊ ဒေါ်ကေသီမြင့် ဖုန်း- ၅၃၇၉၉၇၊ ဒေါ်နုနုသန်း ဖုန်း-၀၉-၅၁၆၅၆၂၂၊ ဒေါ်သန်းသန်းမြင့် ဖုန်း-၃၉၅၁၂၅၊ ဒေါ်အေးမြင့် ဖုန်း-၅၅၆၆၃၁၊ ဒေါ်ဝင်းဝင်းယု ဖုန်း-၀၉-၅၀၈၄၄၉၂၊ ဒေါ်တင်မိုးအေး ဖုန်း-၀၉-၅၀၂၇၂၄၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း လျှပ်စစ်ကြောင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ဈေးများအတွင်း လျှပ်စစ်ထမင်းပေါင်းအိုး၊ရေနွေးအိုး၊ အင်ဗာတာ၊ မီးအားမြှင့်စက်၊ရေခဲသေတ္တာ၊ မီးစက်အစရှိသော လျှပ်စစ်ပစ္စည်းများကို ဆိုင်အတွင်းအသုံးမပြုရန်၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ခြင်ဆေးခွေ အစရှိသည်တို့ကို ဈေးအတွင်း ထွန်းညှိခြင်းမပြုလုပ်ရန် ဟောပြောဆွေးနွေးရာ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းနှင့် မီးသတ်ဦးစီးမှူး ဦးထွန်းရီတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်ပြန်/ဆက်)

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာအုပ်အသင်းက ၂၀၀၇ခုနှစ် စာပေ ဗိမာန်စာမူဆု ဝတ္ထုရှည် ဒုတိယဆုရ မင်းဇေဒါ(ပွင့်ဖြူ)ရေးသားသည့် ရင်မှာဖြစ်သည့် ချစ်ခြင်းတစ်သစ္စာ စာအုပ်ကို စာအုပ်အသင်း၏(၆၆)အုပ်မြောက်စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

ဆက်သွယ်နိုင်

စာပေဗိမာန်စာအုပ်အသင်း ဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ပန်းဥယျာဉ်၌ ပန်းပင်များ ပျိုးထောင်ထားရှိမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ နိုဝင်ဘာ ၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက် ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ကျောင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



* ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားများသို့ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ ကျောင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း၊ အမျိုးသားနေ့ ကျောင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ အမျိုးသားနေ့ ကျောင်းပရေး ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အမျိုးသားနေ့ ကျောင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိ သူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြ သည်။

ရှေးဦးစွာ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့ရှိ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း ရတနာမွန် ခန်းမ၌ကျင်းပရာ ပျဉ်းမနားမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူ များက ''ပြည်မြန်မာ'' သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ပျဉ်းမနား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်က ဖတ်ကြား သည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်မျိုး မင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ မြဦးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့က (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံ ပညာအထက်တန်းအဆင့် ကဗျာ ပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီ စာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူ များက ''ဇာတိမာန်'' သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၉နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိ မြို့ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ဇမ္ဗူသီရိမြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ''ပြည်မြန်မာ'' သီချင်းကို ဂုဏ်ပြု သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြ ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၉၀)ပြည့် နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာ ကို ဇမ္ဗူသီရိမြို့နယ်ဥက္ကဋ္ဌ ဦးရည်မွန် က ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားနေ့ ကျောင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အမျိုး သားနေ့ကျောင်းပရေး ဗဟိုကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် သတင်း နှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က (၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် အလိုက် ကဗျာပြိုင်ပွဲနှင့် စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့ အမှတ် (၁၀) အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူ များက ''ဇာတိမာန်'' သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လယ်ဝေးမြို့နယ်

ထို့အတူ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက်၉နာရီတွင် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း မြို့မ ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်း သူများက ''ပြည်မြန်မာ'' သီချင်း ကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထံမှ ပေးပို့သော ၂၀၁၀ခုနှစ် (၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို လယ်ဝေးမြို့နယ် ဥက္ကဋ္ဌ ဦးအောင်လွင်က ဖတ်ကြား သည်။

ဆက်လက်၍ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုး မင်းနှင့် တာဝန်ရှိသူများက ၂၀၁၀ခုနှစ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် အလိုက် ကဗျာပြိုင်ပွဲနှင့် စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် လယ်ဝေးမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်း သူများက ''ဇာတိမာန်'' သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ယနေ့ နံနက်ပိုင်း တွင် မြို့နယ်အလိုက် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြို့မရွှေရတုခန်းမ၌ (၉၀)ပြည့်နှစ်မြောက် အမျိုးသား နေ့ကျောင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်မျိုးမင်း (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အထိမ်း အမှတ် ကဗျာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့ သဝဏ်လွှာကို သန်လျင်မြို့နယ်ဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်း ဖတ်ကြားစဉ်။ (၁၈၄)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့ သဝဏ်လွှာကို အင်းစိန်မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ဆွေ ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့ သဝဏ်လွှာကို သင်္ဃန်းကျွန်းမြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။(၁၂၁)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့ သဝဏ်လွှာကို ရွှေပြည်သာမြို့နယ်ဥက္ကဋ္ဌ ဦးညီညီအောင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့ သဝဏ်လွှာကို မင်္ဂလာဒုံမြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းထွေး ဖတ်ကြားစဉ်။(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့ သဝဏ်လွှာကို ကြည့်မြင်တိုင်မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရဲသွေး ဖတ်ကြားစဉ်။ (၁၆၄)

အီရတ်-အာဖဂန်သတင်းများ

အီရတ်-အာဖဂန်သတင်းများ အီရတ်-အာဖဂန်သတင်းများ

အာဖဂန်၌ ကင်းလှည့်စဉ်တိုက်ပွဲဖြစ် လက်နက်ကိုင် ၂၀ ကျော် သေဆုံး

ကဘူးလ် ဒီဇင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်တွင် အာဖဂန်လုံခြုံရေးတပ်များလိုက်ပါလျက် နေတိုးတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် နိုဝင်ဘာ ၃၀ရက်က တိုက်ပွဲဖြစ်ပွားရာ တာလီဘန်လက်နက်ကိုင် ၂၀ကျော် သေဆုံးခဲ့ကြောင်း နေတိုးအဖွဲ့က ကြေညာသည်။

ချေမှုန်း

ကူနာပြည်နယ် ဂါဇီယာဘတ် ခရိုင်အတွင်း အာဖဂန် လုံခြုံရေးတပ်များနှင့် နေတိုးတပ်ဖွဲ့ဝင်များ ပူးတွဲ ကင်းလှည့်စဉ် တာလီဘန်တိုက်ခိုက်ရေးသမားများနှင့် အကြိမ်ကြိမ် ထိတွေ့တိုက်ခိုက်စဉ်အတွင်း တာလီဘန်တိုက်ခိုက်ရေးသမား အများအပြားကို တိုက်ခိုက်ချေမှုန်းလိုက်ကြောင်း စစ်ရေးမဟာမိတ်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

သူပုန်များနှင့် ထိတွေ့စဉ် မြေပြင်လုံခြုံရေးတပ်များက အမြောက်ကြီးများ၏ ကူပစ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုအကူများရရှိသည့်အတွက် တာလီဘန်တိုက်ခိုက်ရေးသမားများ အထိနာကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် အရပ်သားများ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်၌ ရဲဝတ်စုံဝတ် သေနတ်သမားတစ်ဦး နေတိုးတပ်ဖွဲ့ဝင် ခြောက်ဦးအား ပစ်သတ်

ကဘူးလ် ဒီဇင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ အာဖဂန်ရဲဝတ်စုံ ဝတ်ဆင်ထားသူတစ်ဦးက အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်များအား သေနတ်ဖြင့်ပစ်သဖြင့် ခြောက်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရသွားကြောင်း နိုဝင်ဘာ ၃၀ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဖြစ်စဉ်မှာ အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ယင်းနေ့က အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းတက်ရောက်နေစဉ် ရဲဝတ်စုံဝတ်ဆင်သူတစ်ဦးက သေနတ်ဖြင့်ပစ်သည့်အတွက် နေတိုးတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးရခြင်းဖြစ်ကြောင်း နေတိုးတပ်ဖွဲ့ ကြေညာချက်တွင်ဖော်ပြသည်။

ရဲတပ်ဖွဲ့ဝတ်စုံဝတ်ထားသူ သေနတ်သမားကိုလည်း ပစ်သတ်လိုက်သည်ဆို၏။ ယင်းကိစ္စမှာ နေတိုးတပ်ဖွဲ့ဝင်များအဖို့ တစ်လကျော်အတွင်းတွင် အဆိုးဆုံးဖြစ်ရပ်တစ်ခု ဖြစ်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်း၌ ဖော်ပြပါရှိသည်။ ***(အင်တာနက်)***

အီရတ်၌ စားသောက်ဆိုင်အား ကားဗုံးခွဲတိုက်ခိုက်

ဘာကူဘာ ဒီဇင်ဘာ ၁

အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်၌ နိုဝင်ဘာ ၃၀ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့၏ပြောကြားချက်ကို ဆင်ဟွာသတင်း၌ ဖော်ပြသည်။

မီးလောင်

ယင်းဖြစ်ပွားမှုသည် ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် ၆၅ကီလိုမီတာခန့်အကွာ ဘာကူဘာမြို့ရှိ စားသောက်ဆိုင်ကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများတွင် ကလေးငယ်ခြောက်ဦးနှင့် အမျိုးသမီးသုံးဦးပါဝင်ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်ရှစ်စီး မီးလောင်ပေါက်ကွဲပြီး အနီးအနားရှိ ဈေးဆိုင်များပျက်စီးခဲ့ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။ **(အောက်ပုံ)**

၂၀၀၃ခုနှစ်ကစ၍ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ ကျူးကျော်ကတည်းက အယ်လ်ခိုင်ဒါလက်နက်ကိုင်သမားများနှင့် အခြားသော အကြမ်းဖက်အုပ်စုများအား အမေရိကန်နှင့်အီရတ်တပ်ဖွဲ့များ ပူးပေါင်းစစ်ဆင်ရေးပြုလုပ်နေသည့်ကြားမှပင် မြို့ကြီးအနှံ့အပြား၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၁ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၄၄၀၁** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၄၉၉၁**ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၄၀၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၄၉၉၁ ဦး

(အင်တာနက်)

အာဖဂန်နစ္စတန်၌ ဗုံးခွဲတိုက်ခိုက်မှု ကလေးနှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ကဘူးလ် ဒီဇင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ် ပန်ဝါယီခရိုင်၌ နိုဝင်ဘာ ၂၉ ရက်က ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားသဖြင့် အာဖဂန်ကလေးငယ်နှစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားကြောင်း နေတိုးဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့က နိုဝင်ဘာ ၃၀ရက်တွင် ကြေညာသည်။

တင်ပို့

ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အဆိုပါနိုင်ငံစုံတပ်ဖွဲ့က ထုတ်ဖော်ပြောကြားသည်။ ဒဏ်ရာရသည့်ကလေးငယ်ကို စစ်မြေပြင်ဆေးရုံသို့ တင်ပို့လိုက်ရသည်ဟုဆို၏။

ကြေညာခြင်းမရှိ

ဗုံးခွဲတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ မည်သည့်အဖွဲ့အစည်းကမျှ သူတို့လက်ချက်ဖြစ်ကြောင်း ကြေညာခြင်းမရှိပေ။ **(အင်တာနက်)**

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဒီဇင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၁ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၄၅၅**ဦး ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၀၅၈၇**ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၄၅၅ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၅၈၇ ဦး

(အင်တာနက်)

အန်ဘာနှင့် ဒီယာလာပြည်နယ်များ၌ ဗုံးခွဲတိုက်ခိုက် အယ်လ်ခိုင်ဒါ အဖွဲ့ခေါင်းဆောင်တစ်ဦး ဖမ်းမိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်နှင့် အန်ဘာပြည်နယ်၊ ဒီယာလာပြည်နယ်များအတွင်း နိုဝင်ဘာ ၃၀ရက်က ဗုံးခွဲတိုက်ခိုက်မှုများတွင် သုံးဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိသွားကြောင်း၊ တစ်ချိန်တည်းမှာပင် အီရတ်နိုင်ငံအရှေ့ပိုင်း၌ အယ်လ်ခိုင်ဒါ လက်နက်ကိုင်အုပ်စုခေါင်းဆောင်တစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ဒီယာလာပြည်နယ် အာဗူဂါရစ်ဒေသရှိ ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ နေအိမ်ရှေ့ထောင်ထားသော ဗုံးကို စနက်တံဖြုတ်ရန် ကြိုးပမ်းစဉ် ပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ကလေးနှစ်ဦးအပါအဝင် အရပ်သားသုံးဦး ဒဏ်ရာရသွားသည်။ ***(ဝဲပုံ)*** *အန်ဘာပြည်နယ် အယ်ကိမ်းမြို့အနီး ရထားလမ်းဗုံးထောင်မှုတွင် ရထားမောင်းသူ သေဆုံးပြီး ထိုသူ့လက်ထောက် ဒဏ်ရာရသွားသည်။*

ဖမ်းဆီး

သီးခြားဖြစ်စဉ် တစ်ရပ်တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘာကူဘာရှိ အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် ဟာဆက်အလာကို ဖမ်းဆီးလိုက်ကြောင်း သိရသည်။ ***(အင်တာနက်)***

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ဇော်ဦးခိုင် - စုစည်းသည်

ဖိလစ်ပိုင်တောင်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား နှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ကိုတာဘာတို ဒီဇင်ဘာ ၁

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် သေနတ်သမားများက နေအိမ်တစ်အိမ်အတွင်းသို့ ဝင်ရောက်ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း မနီလာရဲတပ်ဖွဲ့က ဒီဇင်ဘာ ၁ရက်၌ ပြောကြားသည်။

သေဆုံးခဲ့

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဘူကစ်နွန်ပြည်နယ် ကိုတာဘာတိုမြို့တွင် ဒီဇင်ဘာ ၁ရက် နံနက်က အမည်မသိ သေနတ်သမားများက နေအိမ်တစ်အိမ်အတွင်းသို့ ဝင်ရောက်ပစ်ခတ်မှုကြောင့် အသက် ၅၀ခန့်ဖခင်ဖြစ်သူနှင့် အသက်၂၅နှစ်အရွယ်သားဖြစ်သူတို့နှစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ (အောက်ပုံ)

ဒဏ်ရာရရှိသူ မိသားစုဝင်သုံးဦးအား ဆေးရုံသို့တင်ပို့ကာ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း၊ ပစ်ခတ်သွားသည့် သေနတ်သမားများအား ရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိကြောင်း မနီလာရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)

ကိုလံဘီယာတောင်ပိုင်း၌ ဘတ်စ်ကားဗုံးခွဲတိုက်ခိုက်

ဗီဂါလာဂါ ဒီဇင်ဘာ ၁

ကိုလံဘီယာနိုင်ငံတောင်ပိုင်း ဗီဂါလာဂါမြို့တွင် ဒီဇင်ဘာ ၁ရက်က ရဲတပ်ဖွဲ့စခန်းတစ်ခုအနီး ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးထက်မနည်းသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဗီဂါလာဂါမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။ (ဝဲပုံ)

အခင်းဖြစ်မှုမှာ ဒီဇင်ဘာ ၁ရက် နံနက်ပိုင်းက ရဲတပ်ဖွဲ့စခန်းအနီးရပ်ထားသော ဘတ်စ်ကားတစ်စီးပေါ်၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြစ်သည်ဟု ရဲတပ်ဖွဲ့အရာရှိများကပြောကြားသည်။ ကိုလံဘီယာလွတ်မြောက်ရေးတပ်ဖွဲ့ဟု အမည်ပေးထားသည့် တိုက်ခိုက်ရေးသမားအင်အားမှာ ၈၀၀၀မှ ၁၇၀၀၀အကြားရှိပြီး ကိုလံဘီယာအစိုးရအား ၄၅နှစ်ကြာ တိုက်ခိုက်နေသူများဖြစ်ကြသည်။ (အင်တာနက်)

ဗင်နီဇွဲလားပြည်နယ်လေးခု ရေလွှမ်း၊ ၂၀ကျော်သေဆုံး

ကရာကတ်စ် ဒီဇင်ဘာ ၁

ဗင်နီဇွဲလားနိုင်ငံရှိ ပြည်နယ်ပေါင်း လေးပြည်နယ်တွင် ဒီဇင်ဘာ ၁ရက်က မိုးသည်းထန်စွာဆက်တိုက်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ ဒေသခံ ၂၀ ကျော် သေဆုံးခဲ့ရကြောင်း ဗင်နီဇွဲလားအရာရှိများက ပြောကြားသည်။

ရေလွှမ်း

ရေလွှမ်းမှုဖြစ်ပေါ်နေသည့်ဒေသများမှာ ဗင်နီဇွဲလားနိုင်ငံမြို့တော် ကရာကတ်စ်နှင့် ဝန်းကျင်ဧရိယာများ အပါအဝင် ဖယ်လ်ကွန်၊ မီရန်ဒါနှင့် ဗာဂတ်စ်ပြည်နယ်များဖြစ်သည်။ ယခုအခါ ကမ်းခြေဒေသများ၌ ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိသည်။ (ယာပုံ)

ဆောင်ရွက်ပေး

ရေလွှမ်းမှုနှင့်အတူ မြေပြိုမှုများဖြစ်ပွားလျက်ရှိရာ ရေဘေးဒုက္ခကြုံတွေ့သူ ဒေသခံ ၅၆၀၀ခန့်အား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ဟု သတင်းထုတ်ပြန်သည်။

(အင်တာနက်)

လူသားအကျိုးပြုလုပ်ငန်းများဆောင်ရွက်လိုတဲ့ ကမ္ဘာ့အပုညက်ဆုံး အမျိုးသမီး

မိုးမြင့်လင်းလက်-ရေးသားသည်

ကမ္ဘာ့အပုညက်ဆုံးအမျိုးသမီး

ဟာတီစီကိုကာမင်း

ကဒီရာလီ ဒီဇင်ဘာ ၁

ကမ္ဘာပေါ်တွင် ထူးခြားစွာ မွေးဖွားကြီးပြင်းလာခဲ့သည့် အမျိုးသား အမျိုးသမီးများရှိကြသည်။ ကမ္ဘာ့အရပ်အမြင့်ဆုံး အမျိုးသား၊ အမျိုးသမီးများရှိသလို ကမ္ဘာ့အပုညက်ဆုံးအမျိုးသား၊ အမျိုးသမီးများလည်း ရှိသည်။

ထို့ကြောင့် ကမ္ဘာပေါ်တွင် လက်ရှိအသက်ရှင်နေထိုင်လျက်ရှိသော ကမ္ဘာ့အရပ်အပုညက်ဆုံး အမျိုးသမီးအဖြစ် မှတ်တမ်းတင်ခံထားရသည့် ဟာတီစီကိုကာမင်းနှင့် သတင်းထောက်များတွေ့ဆုံမေးမြန်းမှုကို ဖော်ပြရပါလျှင် -

မေး ။ ။ နာမည်အပြည့်အစုံ ပြောပြပါဦး။

ဖြေ ။ ။ ဟာတီစီကိုကာမင်းဖြစ်ပါတယ်။ ငယ်နာမည်လည်း အဲဒီအတိုင်းပါပဲ။

မေး ။ ။ မွေးရပ်ဇာတိက ဘယ်နေရာဖြစ်မလဲ။

ဖြေ ။ ။ တူရကီနိုင်ငံ ကာဒီရာလီမြို့ ဖြစ်ပါတယ်။ ဒီမြို့မှာပဲ မွေးကတည်းက အခုအချိန်အထိ ဆိုပါတော့။

မေး ။ ။ မိဘတွေရဲ့နာမည်ကိုလည်း ပြောပြပေးပါ။

ဖြေ ။ ။ အဖေ့နာမည်က အီဘရာဟင်နဲ့ အမေ့နာမည်က ဟာတွန်ဖြစ်ပါတယ်။အရောင်းအဝယ်လုပ်ကြတဲ့သူတွေပါ။ အခု မိဘတွေနဲ့ အတူနေထိုင်ပါတယ်။

မေး ။ ။ လက်ရှိအရပ်အမြင့်နဲ့ ကိုယ်အလေးချိန်ရယ်၊ ပြီးတော့ အသက် ဘယ်လောက်ရှိပြီလဲ။

ဖြေ ။ ။ အရပ်က ၇၁ စင်တီမီတာမြင့်ပြီး ကိုယ်အလေးချိန်က ၁၅ပေါင် ဖြစ်ပါတယ်။ လက်ရှိအသက်က ၂၁ နှစ်ပါ။

မေး ။ ။ ဘယ်အရွယ်လောက်မှာ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုရပ်တန့်သလို ဖြစ်သွားတယ်ဆိုတာ မှတ်မိလား။

ဖြေ ။ ။ အမေပြောတာကတော့ တစ်နှစ်အရွယ်အထိ ပုံမှန်ကလေးတွေလို ဖွံ့ဖြိုးခဲ့တာလို့ ပြောတယ်။ တစ်နှစ်လောက်ကစပြီး အရပ်နဲ့ ခန္ဓာကိုယ်ကြီးထွားမှု မရှိတော့တာလို့ ပြောပြခဲ့ဖူးပါတယ်။



ဟာတီစီကိုကာမင်းနှင့် ဖခင်ဖြစ်သူကို တွေ့ရစဉ်။

မေး ။ ။ အဲဒီတော့ခန္ဓာကိုယ်ဖွံ့ဖြိုးအောင်နဲ့ အရပ်မြင့်အောင် ကြိုးစားခဲ့ဖူးလား။

ဖြေ ။ ။ ကြိုးစားခဲ့တာပေါ့။ လမ်းလျှောက်တယ်။ လေ့ကျင့်ခန်းတွေ မျိုးစုံလုပ်တယ်။ နေ့စဉ်ပုံမှန်လုပ်တာပါ။ ဒါပေမယ့် ဘယ်လိုမှ ထူးခြားမလာခဲ့ပါဘူး။ဒါနဲ့ အသက်၁၀နှစ်လောက်မှာ ကိုယ်လက် လေ့ကျင့်ခန်းတွေ လျှော့ချခဲ့တာ ဖြစ်ပါတယ်။

မေး ။ ။ အခုလိုအနေအထားကြောင့် စိတ်ဆင်းရဲမှုဖြစ်ခဲ့သေးလား။

ဖြေ ။ ။ ပထမတော့ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် တစ်နေ့နေ့မှာ ငါဟာ ကမ္ဘာကျော်တစ်ဦးဖြစ်စေရမယ်လို့ မျှော်လင့်ချက်နဲ့ ကိုယ့်ကိုယ်ကိုအားပေးခဲ့တာမို့ အခုဆိုရင် စိတ်ထဲမှာ အဲဒီခံစားမှုမျိုး မရှိတော့ပါဘူး။ လက်ရှိမှာ ခန္ဓာကိုယ်အပုညက်ဆုံး အမျိုးသမီးတစ်ဦးအဖြစ် ကမ္ဘာကျော်နေပါပြီ။

မေး ။ ။ လက်ရှိအချိန်မှာ စိတ်ဆန္ဒအပြင်းပြဆုံး အရာဆိုရင် ဘာဖြစ်မလဲ။

ဖြေ ။ ။ ပင်လယ်ထဲကို ကျွန်မ တစ်ဦးတည်း ရွက်လွှင့် သွားနေချင်တဲ့စိတ်တွေဖြစ်နေမိတယ်။ ပင်လယ်ကြီးကို ကျွန်မအရမ်းနှစ်သက်တယ်။

မေး ။ ။ အခု ဘာတွေဆောင်ရွက်နေပါသလဲ။

ဖြေ ။ ။ မီဒီယာသမားတွေနဲ့တွေ့တယ်။ ကမ္ဘာတစ်ဝန်းက ခရီးသွား ဧည့်သည်တွေနဲ့ တွေ့ဆုံတယ်။ အမှတ်တရဓာတ်ပုံတွေ ရိုက်တယ်။ နောက်ပြီး ကမ္ဘာပေါ်မှာ အရပ်အမြင့်ဆုံး အမျိုးသားတစ်ဦးနဲ့ ရုပ်ရှင်ရိုက်ကူးဖို့တော့ ကုမ္ပဏီတစ်ခုက စီစဉ်နေတယ်။

မေး ။ ။ အဲဒီရုပ်ရှင်ဇာတ်ကားမှာ ဘယ်နေရာမျိုးက ပါဝင် သရုပ်ဆောင်မှာလဲ။

ဖြေ ။ ။ အဓိကဇာတ်ဆောင် မင်းသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ရမှာလို့တော့ ပြောပါတယ်။

မေး ။ ။ အရင်က အဲဒီလိုသရုပ်ဆောင်ခဲ့ဖူးလား။

ဖြေ ။ ။ မလုပ်ခဲ့ဖူးဘူး။ သတင်းထောက်တွေကတော့ အင်တာဗျူးတွေလုပ်ပြီး ဗီဒီယိုတွေလာရိုက်ကြတာပဲ။ သရုပ်ဆောင်တစ်ဦးအနေနဲ့တော့ မဟုတ်ပါဘူး။

မေး ။ ။ ဒါထက် နောက်ဆုံးမေးခွန်းတစ်ခု မေးချင်ပါတယ်။

ဖြေ ။ ။ မေးပါ...ရပါတယ်။

မေး ။ ။ အိမ်ထောင်ပြုဖို့ စိတ်ကူးရှိပါသလား။

ဖြေ ။ ။ ရှိတာပေါ့...တစ်နေ့နေ့မှာ ကျွန်မကို ချစ်ခင်မြတ်နိုးတဲ့သူ တစ်ဦးတွေ့လိမ့်မယ်လို့ စိတ်ထဲမှာ ယုံကြည်နေပါတယ်။ ကျွန်မကလည်း လူ့သဘာဝအတိုင်း အိမ်ထောင်တစ်ခုကို ထူထောင်ပြီး မိသားစုတစ်စုနဲ့ လူသားအကျိုးပြုလုပ်ငန်းတွေကို အမြဲတမ်းဆောင်ရွက်ချင်ပါသေးတယ်။ ။ **(အင်တာနက်)**

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ဝန်ကြီး ဦးသိန်းဆွေ အမ်းလေဆိပ်အဆောက်အအုံ တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် နိုဝင်ဘာ ၂၇ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် အမ်းမြို့ မိုးလေဝသနှင့် ဇလဗေဒဌာနခွဲကြားမှု ဦးစီးဌာန မြို့နယ်ရုံးသို့ရောက်ရှိပြီး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် နိုဝင်ဘာ ၂၈ရက် နံနက်ပိုင်းက တပ်တောင်သို့ ရောက်ရှိပြီး တပ်တောင်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးနှင့် ဆိပ်ကမ်းတံတားအခြေအနေ၊ စစ်တွေ-အမ်း-တပ်တောင်သို့ ပြေးဆွဲခုတ်မောင်းနေသည့် ရေယာဉ်များနှင့် ခရီးသည်တင်စက်လှေများ ပြေးဆွဲနေမှုနှင့် မြစ်ရေလမ်းကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့သည် နိုဝင်ဘာ ၃၀ ရက်တွင် အမ်းမြို့ အမ်းလေဆိပ်သို့ရောက်ရှိကြပြီး တာဝန်ရှိသူများအား လေဆိပ်အဆောက်အအုံ စနစ်တကျတည်ဆောက်ရေး၊ လေဆိပ်သန့်ရှင်းမှုကောင်းမွန်ရေး၊ လေဆိပ်လုံခြုံမှု အစဉ်သတိပြုရေးနှင့် ဝန်ဆောင်မှုကောင်းအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေဆိပ်အဆောက်အအုံပြီးစီးမှု၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေယာဉ်ရပ်နားရာ နေရာနှင့် လေယာဉ်ဝင်ရောက်ဆင်းသက်မှု၊ လေယာဉ်ပေါ်သို့ ခရီးသည်များ လိုက်ပါစီးနင်းမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့ အမ်းလေဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၄၇) ထွက်ရှိလာရာ ဂျာနယ်တွင် မိသားစုတစ်စု၏ ကြေကွဲဖွယ်ဖြစ်ရပ်၊ ဆီနီဂေါကမ်းလွန်တွင် သင်္ဘောပျက်၍ မျောနေသော ဂျာမန်၊ ဘရာဇီးစုံတွဲကို မြန်မာသင်္ဘောသားများ ကယ်တင်နိုင်ခဲ့၊ မြန်မာ့ဘဏ်လုပ်ငန်းများ အဆင့်မြှင့်တင်ရန် MCC က အဆင့်မြင့် အိုင်စီတီနည်းပညာ ဝန်ဆောင်မှုပေးမည်၊ တရုတ်(တိုင်ပေ)တွင် ကုန်အတင်အချ ပြုလုပ်နေစဉ် မြန်မာသင်္ဘောသားတစ်ဦး ကွန်တိန်နာညပ်သေဆုံး၊ ဘုရင့်နောင် ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက် သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **အောင်မြင်မှုနဲ့စိတ်ဓာတ်ရေးရာ၊ မြန်မာပြည်ရောက် ဂျူမုံ၊ လီဟာနားတို့နှင့်တွေ့ဆုံခြင်း** စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ဂျာမနီပါလီမန်အား တိုက်ခိုက်ရန် အယ်လ်ခိုင်ဒါအကြမ်းဖက်သမားနှစ်ဦး ဘာလင်တွင် ရောက်ရှိနေဟုဆို၊ လိုင်စင်မဲ့အလုပ်သမားရှာဖွေရေး အေဂျင်စီများနှင့် ပူးပေါင်းလိမ်လည်သူများကို ပြင်းထန်စွာအရေးယူမည့် ဥပဒေသစ်စင်ကာပူထုတ်ပြန်၊ ဖေ့စ်ဘွတ်ခ်သုံးသူများ စိတ်ဖိစီးမှုဒဏ်ခံစားရသဖြင့် သတိပြုသုံးစွဲရန်လို၊ လာမည့်နှစ်အတွက် အလုပ်အကိုင်နေရာပေါင်း ၁၃၀၀၀၀ စင်ကာပူဖန်တီးမည်၊ ကာဗွန်ဒိုင်အောက်ဆိုက်ကို ဆေးဝါးထုတ်လုပ်ရာတွင် အသုံးဝင်သည့် ဓာတုပစ္စည်းအဖြစ် ပြောင်းလဲနိုင်တော့မည်ဟုဆို၊ ရောဂါဝေဒနာခံစားနေရသော ဇနီးသည်၏ သေဆုံးလိုသောဆန္ဒကို ဖြည့်ဆည်းကူညီသည့် ခင်ပွန်းသည် တရားရင်ဆိုင်နေရ၊ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

ပန်းအလှစိုက်ပျိုး

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မလမ်း လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်များ ပြုပြင်စိုက်ပျိုးခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဇာဝင့်နှင့်အဖွဲ့ ဆောင်ရွက်ရာ နိုဝင်ဘာ ၂၁ရက်က အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေး ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)



ကွန်ပျူတာ ကျွမ်းကျင်မှုသင်တန်း ဖျာပုံ၌ ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၁

MCC ဖျာပုံကွန်ပျူတာကျွမ်းကျင်မှု အထူးသင်တန်းက ကနိပရဟိတဂေဟာမှ မိဘမဲ့ကလေးများအတွက် ပညာဒါနအဖြစ် ကွန်ပျူတာကျွမ်းကျင်မှု အထူးသင်တန်းဖွင့်ပွဲကို ဖျာပုံမြို့နယ် ကနိကျေးရွာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတွင် နိုဝင်ဘာ ၁၉ရက် နံနက်က ကျင်းပသည်။

ရှင်းလင်းတင်ပြ

ဖွင့်ပွဲတွင် ဖျာပုံမြို့နယ် ကနိကျေးရွာ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညိုမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး MCC ဖျာပုံမြို့ ကွန်ပျူတာကျွမ်းကျင်မှု အထူးသင်တန်း တာဝန်ခံဦးတိုးတိုးက သင်တန်းနှင့်ပတ်သက်သည့် စည်းကမ်းချက်များကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

သင်တန်းကာလမှာတစ်လဖြစ်ပြီး ဖျာပုံမြို့နယ်အတွင်းရှိ ကျေးလက်ဒေသတွင် ပထမဆုံး ပညာဒါနအဖြစ် ဖွင့်လှစ်ခဲ့သောသင်တန်းဖြစ်ကာ ကနိကျေးရွာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် မိဘမဲ့ကလေး ၁၀၉ဦး ရှိကြောင်း သိရသည်။ **(၁၃၈)**

အထက(၃)အင်းစိန်(အောင်ဆန်း)ကျောင်း မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

အထက(၃)အင်းစိန်(ယခင်အောင်ဆန်းကျောင်း)တွင် ၁၉၅၃ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများအား အမှုမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၏ အောင်ဆန်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သက်ပြည့် ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ စုံစုံညီညီကြွရောက်ကြရန်နှင့် အလှူငွေများလှူဒါန်းရန်နှင့် အသေးစိတ် အချက်အလက်များ သိလိုပါက ဦးသောင်းငွေ ဖုန်း-၆၄၅၅၀၃၊ ဦးဆန်းအောင် ဖုန်း-၆၄၅၅၈၈၊ ဒေါ်ခင်မြဦး ဖုန်း-၆၄၆၁၂၆၊ ဒေါ်သန်းသန်းအေး (ဝါဝါထွန်းဝေ-ရွှေဆိုင်)ဖော့ကန် ဖုန်း-၆၄၃၁၁၆၊ ၀၉-၅၀၁၄၅၇၉၊ ဦးအောင်သွေး ဖုန်း-၆၄၂၇၉၅၊ ဦးစိုးလေး ဖုန်း-၆၆၂၀၉၁၊ ဦးစိုးမြင့် ဖုန်း-၇၀၀၃၆၈၊ ဒေါ်ငွေငွေဝင်း ဖုန်း-၀၉-၅၀၆၇၅၅၄၊ ဒေါ်အေးအေးမော် ဖုန်း-၀၉-၅၄၀၆၄၁၈၊ ဒေါ်ဆွေလေးမြင့်(ထ-၃)အင်းစိန် ဖုန်း-၆၄၀၄၅၂၊ ဒေါ်ရွှေစင်(လ-၃) မရမ်းကုန်း ဖုန်း-၆၆၂၀၂၉ တို့ကို ဆက်သွယ်လှူဒါန်းမေးမြန်းနိုင်ကြောင်းသိရှိရသည်။ (၁၂၇)

အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ကျိုင်းတုံ၌ ပေးအပ်

ကျိုင်းတုံ ဒီဇင်ဘာ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် တိုင်းရင်းဆေးဌာနမှ ကြီးမှူးကျင်းပသော အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာပေးအပ်ပွဲနှင့် တိုင်းရင်းဆေးသေတ္တာသုံးစွဲနည်း သင်တန်းကို နိုဝင်ဘာ ၂၂ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်းက အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ခရိုင်တိုင်းရင်းဆေးမှူး ဦးတင့်လွင်၊ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်စန်းစန်းဝင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဦးမင်းဟန်၊ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်သဇ္ဇာနွယ်နှင့် တိုင်းရင်းဆေးထုတ်လုပ်သူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ တာဝန်ရှိသူများက အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ အလုံး၃၀ကို သက်ဆိုင်ရာ ကျေးရွာတာဝန်ခံများသို့ ပေးအပ်ပြီး **(အောက်ပုံ)** မြို့နယ်တိုင်းရင်းဆေးမှူး ဦးမင်းဟန်က တိုင်းရင်းဆေးသေတ္တာ သုံးစွဲနည်းနှင့် ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒို့ကျေးရွာဂျာနယ် ထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၁

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၂၃)ကို ဒီဇင်ဘာ ၁ရက်က ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ထိန်းပေးသော ရေကျောက်ခက်ဇီဝ မြေသြဇာ၊ နွေစပါး အထွက်တိုးရေး စိုက်ချိန်မှန်ကိုရွေး၊ သီးနှံတို့၏ သဘော သဘာဝ၊ နည်းစနစ်ကောင်းလျှင် မတ်ပဲ အထွက်ကောင်းမည်၊ ဆောင်း သီးနှံအထွက်တိုးစေဖို့ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ အကျိုးအမြတ် ရနိုင်သည့် ဒေသ ကြက်မွေးမြူနည်း၊ တစ်နိုင်တစ်ပိုင် ကိုသံဒိုင်၊ ကျွဲနွား အတွက် ဆီးဖြူရွက် စသည့် မွေးမြူရေး ဆောင်းပါးများ၊ အသုံးဝင်ဆေးတစ်လက် ရှားစောင်းလက်ပပ်၊ ကျန်းမာလိုလျှင် ရေများများသောက်ပါ၊ ကျန်းမာရေးအတွက်ကောင်း ကောက်ညှင်းငချိပ်ပေါင်း၊ လက်တွဲတိုက်ဖျက် အေအိုင်ဒီအက်စ်၊ မသန်သော်လည်း စွမ်းပါသည် စသည့် ကျန်းမာရေး ဆောင်းပါးများ၊ မျိုးချစ်စိတ်ဖြင့် နိုင်ငံသစ်ကို ခိုင်မြဲလက်တွဲ တည်ဆောက်မည်၊ အစဉ်အလာမပျက် ကျင်းပသည့် ချင်းရိုးရာ ခွာဒိုပွဲတော်၊ အလင်းအိမ်စာကြည့်တိုက်၊ စိမ်းသည့်မြေ ရေး၊ လမိုင်း စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ ယနေ့နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ ဒီမိုကရေစီနှင့်စည်းကမ်း(၂) နိုင်ငံရေးဆောင်းပါး၊ ကိုလံဘီယာနိုင်ငံအကြောင်း သိကောင်းစရာ၊ အောင်မြင်စွာကျင်းပနိုင်ခဲ့သော မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကြီးကို အာဆီယံနှင့်တရုတ်က ဂုဏ်ပြုကြိုဆို၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုလျှော့ချရေး အထောက်အကူပြု နည်းလမ်းသစ် ရှာဖွေတွေ့ရှိ စသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အနုပညာကိုချစ်တယ် တန်ဖိုးထားတယ်ဆိုတဲ့ မော်ဒယ်သရုပ်ဆောင် ရွှေစင်နှင့်တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ မည်သို့ပင်ဖြစ်ပါစေ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာ ဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ်၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ပေးပို့နိုင်

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

ကျားမျိုးစိတ်များထိန်းသိမ်းကာကွယ်ရေး ထိပ်သီးညီလာခံ

သစ်တောရေးရာဝန်ကြီး ဦးသိန်းအောင် တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ဥက္ကဋ္ဌ သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဦးသိန်းအောင်သည် နိုဝင်ဘာ ၂၁ရက်မှ ၂၄ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ Marian Palace ရှိ Great Hall ၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေး ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ညီလာခံဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ရက်က ကျင်းပပြီး ကျားမျိုးစိတ်များကျန်ရှိ ကျက်စားနေသေးသော ရုရှား၊ မြန်မာ၊ လာအို၊ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဘူတန်နှင့်ဗီယက်နမ်နိုင်ငံ စုစုပေါင်း ၁၃နိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့ဘဏ်၊ UNEP၊ WCS (Wildlife Conservation Society)၊GEF (Global Environment Facility)၊ CITES (Convention on International Trade in Endangered Species of Wild Fauna and Flora) နှင့် IUCN (International Union for Conservation of Nature) စသည့် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး Mr. Yuri Trutnev က အဖွင့်အမှာစကား ပြောကြားပြီး ဝန်ကြီး ဦးသိန်းအောင်က မြန်မာနိုင်ငံတွင် ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။ မြန်မာနိုင်ငံမှ ဇီဝမျိုးစုံ မျိုးကွဲများ၊ အထူးသဖြင့် ဟူးကောင်းနှင့် တနင်္သာရီတိုင်းတို့၌ ကျားထိန်းသိမ်းရေး ဆောင်ရွက်နေမှုကို ပြသသော ပြခန်းတစ်ခုခင်းကျင်းပြသခဲ့သည်။

ထောက်ခံအတည်ပြု

အဆိုပါ ညီလာခံတွင် တက်ရောက်လာကြသူများက ကမ္ဘာပေါ်တွင် ကျားကောင်ရေ ပြန်လည်တိုးပွားလာရေးအစီအစဉ်ကို တညီတညွတ်တည်း ထောက်ခံအတည်ပြုခဲ့ကြသည်။

ဝန်ကြီးဦးသိန်းအောင်သည် ရုရှားနိုင်ငံ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး Mr. Yuri Trutnev က ညပိုင်းတွင် The Catherine Palace ၌ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၂၂ရက် ညီလာခံ ဒုတိယနေ့တွင် ဝန်ကြီး ဦးသိန်းအောင်က ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေး အကောင်းဆုံးနည်းလမ်းများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲအစီအစဉ်တွင် ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ဝန်ကြီးများနှင့်အတူ အစည်းအဝေး သဘာပတိအဖြစ် လည်းကောင်း၊ ညီလာခံ ဒုတိယနေ့ မွန်းလွဲပိုင်းအစီအစဉ်ဖြစ်သော Parallel Session 1-Valuation of Tiger Habitats and Ecosystems တွင် အစည်းအဝေး ဒုတိယသဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ညပိုင်းတွင် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တော်ဝန် Mrs. Valentina Matvvienko က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေး ထိပ်သီးညီလာခံကို နိုဝင်ဘာ ၂၃ရက်က စိန့်ပီတာစဘတ်မြို့ Konstantinovsky Palace ၌ ကျင်းပရာ အဆိုပါ ညီလာခံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် ဗလာဒီမာပူတင်၊ တရုတ်နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကြားပေါင်၊ ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် Sheikh Hasina၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် Mr. Madhavkumar၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် Mr. Bouasone Bouphavanh နှင့် ကျားမျိုးစိတ်များ ကျန်ရှိကျက်စားနေသေးသော ၁၃နိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ထုတ်ပြန်

ရှေးဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် ဗလာဒီမာပူတင်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဝန်ကြီးချုပ်များက အမှာစကား ပြောကြားကြကာ ညီလာခံကို ဖွင့်လှစ်ခဲ့သည်။ ယင်းညီလာခံမှ ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေး စိန့်ပီတာစဘတ် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ပြန်လည်ရောက်ရှိ

ဝန်ကြီးသည် ယင်းညီလာခံကာလအတွင်း တက်ရောက်လာကြသော ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အထူးသဖြင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ၊ GEF မှ Chief Executive Officer Ms. Monique Barbut, WCS-USA မှ Executive Vice President Mr. John Robinson နှင့် Cites မှ Secretary General Mr. John Scanlon စသော ပုဂ္ဂိုလ်တို့နှင့် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို ရင်းနှီးစွာဆွေးနွေးခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်က ထိုင်းလေကြောင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသား ကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကျားမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေး ထိပ်သီးညီလာခံသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

သန်လျင်မြို့ ထန်းနှစ်ပင်ကျောင်းလမ်းနေ ဖခင်ဦးသာညွန့်နှင့် မိခင်ဒေါ်လှမြင့်တို့အား ရည်စူး၍ သားသမီးများနှင့် မြေး မဝင်းဝါဝါဌေးတို့က ကျောက်တန်း ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၅)

အခွင့်အလမ်းဂျာနယ်

(၅)နှစ်ပြည့်အထိမ်းအမှတ် Seminar ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

အခွင့်အလမ်းဂျာနယ် ထုတ်ဝေခြင်း (၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် Seminar ကို နိုဝင်ဘာ ၂၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ယင်း Seminar တွင် အခွင့်အလမ်းဂျာနယ် တာဝန်ခံအယ်ဒီတာ မောင်သန်းစိုး (DMA)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Seminar ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပြန်လည်ဖြေကြား

ထို့နောက် ဦးရဲမြင့် (စွန့်ဦးတီထွင်)က မျိုးဆက်သစ်လူငယ်နှင့် စွန့်ဦးတီထွင်လုပ်ငန်း (Young Achiever and Entrepreneurship) အကြောင်းအရာကို လည်းကောင်း၊ ဒေါက်တာနေဇင်လတ်က လွန်ကဲသော အနာဂတ်နှင့်သင့်ဘဝကို ဦးဆောင်ခြင်း (Extreme Future and Leading Your Life) အကြောင်းအရာကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာသူများက မေးမြန်းဆွေးနွေးကြရာ ဦးရဲမြင့် (စွန့်ဦးတီထွင်)နှင့် ဒေါက်တာ နေဇင်လတ်တို့က ပြန်လည်ဖြေကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်)

ရေလမ်းကြောင်းအား ပြောင်းလဲသတ်မှတ်

ရန်ကုန် ဒီဇင်ဘာ ၁

ဧရာဝတီမြစ်ကူး အနော်ရထာတံတား (ချောက်) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၄)နှင့် (၅)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။

ပြောင်းလဲသတ်မှတ်

ယခုအခါ ရေနည်းကာလသို့ ရောက်ရှိပြီး ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၀ခုနှစ် နိုဝင်ဘာ ၃၀ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၀ မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၇မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည် ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့်တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်း သတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ် သဘင်အစည်းအရုံးနှင့် ဂီတအစည်းအရုံးဝင်များ တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် သဘင်အစည်းအရုံးနှင့် ဂီတအစည်းအရုံးအမှုဆောင်များ တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၇ရက် နံနက် ၇နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုး တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြို့နယ်သဘင်နှင့်ဂီတအစည်းအရုံးဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အနုပညာရှင်များ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။

(ဝ၉၇)

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရှင်စောပုလမ်း (မြို့ပြလမ်း) ကျောက်ချောခင်းရန် ကျောက်ကြမ်းစီခြင်းလုပ်ငန်းကို နိုဝင်ဘာ ၅ရက်က အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးမြတ်ဇော်လင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခိုင်ထွန်း ကွင်းဆင်းကြီးကြပ်စဉ်။

(၃၁၆)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားများ ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

၂၀၁၀ခုနှစ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပကြရာ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျောင်းအကျိုးတော်ဆောင် နာယကများနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဒဂုံမြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ဦး ဖတ်ကြားစဉ်။ (သတင်းစဉ်)

ကပြဖျော်ဖြေ

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း (မြို့မကျောင်း) ရှိ ဦးဘလွင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် ဂုဏ်ပြုသီဆို ကပြဖျော်ဖြေကြပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ပေးပို့သော (၉၀)ပြည့်နှစ် မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဒဂုံမြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဖတ်ကြားသည်။

ဂုဏ်ပြုသီဆို

ယင်းနောက် ဒဂုံမြို့နယ် အမှတ် (၂)နှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းတို့မှ ထူးချွန် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြ ပြီး အလှူငွေများ ပေးအပ်လှူဒါန်း ကြကာ မြို့မစိန်ရတု ပညာရေး ငွေ ပဒေသာပင် ဘဏ္ဍာထိန်းအဖွဲ့ နာယကတစ်ဦးက ကျေးဇူးတင် စကားပြောကြား၍ ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန် သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်း အနားကို နံနက်၉နာရီတွင် လသာ မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ဗဟိုစံပြ ခန်းမဆောင်၌ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်း ကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထံမှ ပေးပို့သော (၉၀)ပြည့်နှစ် မြောက် အမျိုးသားနေ့သဝဏ်လွှာကို လသာမြို့နယ် ဥက္ကဋ္ဌ ဦးစိုးဝင်းက ဖတ်ကြားပြီး အမျိုးသားနေ့ အထိမ်း အမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူ များက ဆုများကို ပေးအပ်ချီးမြှင့်ကြ ကာ ကျောင်းသား ကျောင်းသူများ က ဇာတိမာန်သီချင်းကို ဂုဏ်ပြုသီဆို ၍ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မင်္ဂလာတောင်ညွန့်မြို့နယ်ဥက္ကဋ္ဌ ဦးဇေယျအုန်း ဖတ်ကြားစဉ်။ (၁၂၃)

ထို့အတူ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်း အနားကို နံနက်၉နာရီတွင် ပန်းဘဲ တန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဇေကရီခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာ သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်း အနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ပန်းဘဲတန်းမြို့နယ် ဥက္ကဋ္ဌ ဦးတင် မျိုးအောင်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက (၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများက ဇာတိမာန် တေး သီချင်းကို ဂုဏ်ပြုသီဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လမ်းမတော်မြို့နယ်

အလားတူ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်း အနားကို နံနက် ၉နာရီတွင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှိ စွမ်းအားခန်းမ၌ ကျင်းပရာ နဝမ တန်းကျောင်းသား ကျောင်းသူများ က ပြည်မြန်မာသီချင်းကို ဂုဏ်ပြု သီဆို၍ အခမ်းအနားကို ဖွင့်လှစ် ကြပြီး နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့ သော (၉၀)ပြည့်နှစ်မြောက် အမျိုး သားနေ့ သဝဏ်လွှာကို လမ်းမတော် မြို့နယ်ဥက္ကဋ္ဌဦးသိန်းဆင့်က ဖတ်ကြား သည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမျိုးသားနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာ ပြိုင်ပွဲတွင်ဆုရရှိကြသော ကျောင်း သား ကျောင်းသူများအား ဆုများကို ချီးမြှင့်ကြပြီး အဋ္ဌမတန်းကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်း ဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ဗိုလ်တထောင်မြို့နယ်

အလားတူ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်း အနားကို နံနက်၉နာရီတွင် ဗိုလ် တထောင်မြို့နယ် အမှတ်(၆)အခြေခံ ပညာ အထက်တန်းကျောင်းရှိ အောင်ကျော်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းကိုသီဆို၍ အခမ်း အနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ် ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက ဖတ်ကြား ပြီး (၉၀)ပြည့်နှစ်မြောက် အမျိုးသား နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများ အား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြကာ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်း ကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကမာရွတ်မြို့နယ်

ထို့အတူ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်း အနားကို နံနက်၉နာရီတွင် ကမာရွတ် မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ သီဂီမြိုင် ခန်းမ၌ ကျင်းပရာ အဆိုပါကျောင်းမှ ကျောင်းသူလေးများက ပြည်မြန်မာ သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်း အနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၉၀)ပြည့် နှစ်မြောက် အမျိုးသားနေ့ သဝဏ် လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင် က ဖတ်ကြားသည်။

ယင်းနောက် (၉၀)ပြည့်နှစ် မြောက် အမျိုးသားနေ့ အထိမ်း အမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ တွင် ဆုရရှိကြသူများအား တာဝန် ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့် ကြပြီး ကျောင်းသား ကျောင်းသူ လေးများက ဇာတိမာန်သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓမ္မဂီတ
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **စိတ်ကိုနိုင်မှ နိဗ္ဗာန်ရ** တရားတော် (ရွှေဘိုဆရာတော် အရှင်ဩဘာသ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၉၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၅၉)
- ၈:၄၀ HIV/ AIDS ရောဂါကာကွယ် တိုက်ဖျက်ရေး (အပိုင်း-၂) (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ ဝင်းမောင်၊ ဒေါက်တာခင်ဥမ္မာစံ၊ ဒေါက်တာတင်အောင်စော၊ ဒေါက်တာလှမြင့်)
- ၉:၁၀ Activities in the City
  - -မြန်မာနိုင်ငံမျက်စိဆရာဝန်အသင်း ညီလာခံဖွင့်ပွဲ အခမ်းအနား
  - -ရခိုင်ပြည်နယ်ရှိဂီရိမုန်တိုင်းသင့် ပြည်သူများအတွက် အလှူငွေလှူဒါန်းပွဲ အခမ်းအနား
- ၉:၂၅ **လှေကားသုံးထစ်ဆင်းတဲ့အခါ** မင်းသူ၊ အရိုင်း၊ အေးသီတာ [(ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၉:၃၅ Science For All (ကော်ဖီရဲ့သမိုင်းစဉ်) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
- ၁၀:၀၀ Make In A Delieious Way German မှ စွဲမက်ဖွယ်ရာ အစားအစာများ
- ၁၀:၂၅ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ ကျောက်စက်ရေ
- ၁၀:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၁၅ The Champion of Dance
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ **မြန်မာကိုရီးယားချစ်ကြည်မှု အနုပညာ**
- ၁၂:၄၀ အုတ်ဖိုမြို့မှ ပီတိအပြုံးပန်းများ
- ၁:၀၀ **စိတ်ကိုနိုင်မှ နိဗ္ဗာန်ရ** တရားတော် (ရွှေဘိုဆရာတော် အရှင်ဩဘာသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Quiz idol [အထက(၁)ဒဂုံ၊ အထက(၄)တာမွေ]
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၉၂)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၅၉)
- ၄:၄၅ ဝိစာရမှုပဲဘုရင်မတ်ပဲအထွက် အထူးအောင်မြင်
- ၅:၀၅ ခာတ်ပုံထဲမှ အမှတ်တရများ (ဝေလျှံ)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ကြံခင်းမြို့မှ မြတ်ဆရာပူဇော်ပွဲ
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ လောကဝက်ပါ(အပိုင်း-၉၃)
- ၇:၁၀ Style ရှိမှ Star ဖြစ်မယ်
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ **စကားနပန်း** (မြို့မှာနေတာကောင်းတယ် တောမှာနေတာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၆၀)
- ၁၀:၁၀ အနုပညာမိုးကောင်းကင်
- ၁၀:၃၀ သာယာငြိမ်းချမ်း စိမ်းလန်းဝေစည် ငွေတောင်ပြည်
- ၁၁:၀၀ ဂီတသရုပ်ပြခန်း (သျှီ-ဂန္ထဝင်စကား)
- ၁၁:၃၀ မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
- ၁၁:၅၀ Box Office Movies (Avator)
- ၁၂:၀၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အရသာချိုချိုရေခဲမုန့် ပြုလုပ်နည်း)
- ၁၂:၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Lilawadee Spa)
- ၁၂:၄၀ ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လှော်ကားဥယျာဉ်)
- ၁၂:၅၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာသက်နှင်းအေးနှင့် တွေ့ဆုံခြင်း)
- ၁:၁၀ ရွှေတိုင်းမြို့မှဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
- ၁:၂၀ ဘဝများ (ဂီတနုပညာရှင်နိုင်ဇော်၏ဘဝ)
- ၁:၅၀ ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
- ၂:၂၅ ကယ်တင်ကြစို့ တို့ကမ္ဘာ
- ၂:၃၅ လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ စုပေါင်းဆင်နွဲ မန္တလာမြေရဲ့ခြင်းပွဲ
- ၄:၂၅ မြန်မာစာ၊ မြန်မာစကား
- ၄:၄၀ Man and The Elephant (အပိုင်း-၁)
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၁၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာ လှေကျင့်ပါ
- ၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ အကပဒေသာ
- ၈:၃၀ ၁၀။ **အမှန်ထင်နေသောအမှား**
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊သင်္ချာ အထူးပြုများ) (ရူပဗေဒ)
- ၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၆။ အားကိုးအားထား
- ၅:၂၅ ၇။ ရောင်စုံရေးသီတေးပန်းချီ
- ၅:၄၅ ၈။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် (Fresh) (ကုန်ထုတ်လုပ်မှုအကျိုးဆက် လှိုင်းဂယက်) (အပိုင်း-၁)
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ပျော်ရွှင်စေသောနေ့ရက်များ
- ၆:၃၅ ၁၂။ တေးဂီတအစီအစဉ်
- ၆:၅၀ ၁၃။ **၂၀၁၀ အာဆီယံဆုဖလားဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်** **(မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ အစာလည်းဆေး၊ ဆေးလည်းအစာ (အပိုင်း-၃)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၆)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသော မေတ္တာ** (အပိုင်း-၁၅)

ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန်၏ (၃၈)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ရက် (တနင်္လာနေ့) နံနက် ၆နာရီခွဲတွင် Royal Mingalardon Golf & Country Club(ရွှေရှင်ရယ် မင်္ဂလာဒုံဂေါက်ကွင်း)တွင် ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်း ပါဝင်ယှဉ်ပြိုင်ရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(ဂေါက်သီးရိုက်အသင်း)

2-12 (08).pmd 1 12/2/2010, 2:06 AM

နေပြည်တော်-မန္တလေး-နေပြည်တော် မိုင် ၃၉၀ခရီးရှည် အမျိုးသား/အမျိုးသမီး စက်ဘီးပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်နှင့်ဆုချီးမြှင့်ပွဲကျင်းပ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မောင်မောင်အေး တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁

ပထမအကြိမ်နေပြည်တော်-မန္တလေး-နေပြည်တော် မိုင်၃၉၀ခရီးရှည် အမျိုးသားပြိုင်ပွဲနောက်ဆုံးနေ့ (မိတ္ထီလာ-နေပြည်တော်လမ်းပိုင်း)ပွဲစဉ်ကို နိုဝင်ဘာ၃၀ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့နှင့် အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးနေ့ (တပ်ကုန်း-နေပြည်တော်လမ်းပိုင်း)ပွဲစဉ်ကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့တို့၌ စတင်ကျင်းပရာ တာဝန်ရှိသူတို့က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးကြသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တပ်ကုန်း-နေပြည်တော် လမ်းပိုင်းအမျိုးသမီးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများ၊ မိတ္ထီလာ-နေပြည်တော် လမ်းပိုင်း အမျိုးသားပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများ၊ အမျိုးသမီးပွဲစဉ်တစ်လျှောက် နှစ်သိမ့်ဆုရရှိကြသူများ၊ အမျိုးသမီးပွဲစဉ်တစ်လျှောက် အမှတ်စဉ် (၇)မှ (၉)အထိ ဆုရရှိကြသူများနှင့် အမျိုးသမီးပွဲစဉ်တစ်လျှောက် အမှတ်စဉ် (၄)မှ (၆)အထိ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးတင်ငွေက အမျိုးသမီးပွဲစဉ်တစ်လျှောက် ပထမဆုရရှိသူအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် စက်ဘီးစီး အဝါရောင် ဂျာစီအင်္ကျီကို လည်းကောင်း၊ ဒုတိယဆု ရရှိသူအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တတိယဆုရရှိသူအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌက အမျိုးသားပွဲစဉ်တစ်လျှောက် စတုတ္ထမှ ဒသမအထိ ဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးက အမျိုးသားပွဲစဉ်တစ်လျှောက် ပထမဆုရရှိသူအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် စက်ဘီးစီး အဝါရောင်ဂျာစီအင်္ကျီကို လည်းကောင်း၊ ဒုတိယဆုရရှိသူအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ တတိယဆုရရှိသူအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး အမျိုးသားပွဲစဉ်တစ်လျှောက် ဆုရအားကစားသမားများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၁၀ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက် ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် အသင်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (က) အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် အသင်းက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (က) အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ဂ)အသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတဇုန်(ရန်ကုန်)၌ တပ်မတော်(လေ) အသင်းက နေပြည်တော်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (စ)အုပ်စု လပခဇုန်(မန္တလေး)၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကတြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကိုသုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင် ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဝဏ်လွှာဖတ်ကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၉၀)ပြည့်နှစ်မြောက်အမျိုးသားနေ့ သဝဏ်လွှာကို စမ်းချောင်းမြို့နယ် ဥက္ကဋ္ဌ ဦးတင့်လွင် ဖတ်ကြားစဉ်။ (၁၀၃)

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် (၃၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အထက(၂)သာကေတ မြတ်ဆရာပူဇော်ပွဲကျင်းပရေး အကြိုညှိနှိုင်းစည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၁

သာကေတမြို့ အထက(၂) သာကေတ ကျောင်းသား ကျောင်းသူဟောင်းများ၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော ပဉ္စမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီလတွင် ကျင်းပနိုင်ရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက(၂) သာကေတကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေးသို့ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန်နှင့်အပူဇော်ခံဆရာကြီး ဆရာမကြီးများအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများထည့်ဝင်လှူဒါန်းလိုပါက ဦးသန်းထွန်း-ဒေါ်မာတင် ဖုန်း-၅၄၂၆၇၂၊ ၀၉-၄၉၂၈၅၄၈၅၊ ဦးဝင်းကြည်(ဖေသောရီ) ဖုန်း-၅၅၄၃၃၂၊ ဒေါက်တာ သန်းဝင်းညွန့် ဖုန်း-၀၉-၅၁၅၉၃၆၀၊ ဒုတိယဗိုလ်မှူးကြီး သိန်းဝင်းညွန့် ဖုန်း-၀၉-၄၉၂၉၇၅၃၁၊ ဒေါက်တာ သောင်းဝင်း ဖုန်း-၀၉-၅၁၉၁၆၄၁ နှင့် ဦးဝင်းရွှေ ဖုန်း-၀၁-၇၃၀၁၁၂၆၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၊ ကိုးသောင်းဈေးနှင့်မြို့သစ်ဈေးတို့တွင်မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကမ်းနားဆိပ် ကျောက်တန်းလမ်း ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၂ရက်က အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဘိုမင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြဝတီရုပ်မြင်သံကြား

၂-၁၂-၂၀၁၀

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၃၀ ၃။ ဓမ္မပူဇာတေး
၇:၃၅ ၄။ မျိုးချစ်တပ်မတော်
၇:၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၀ ၃။ မျိုးချစ်တပ်မတော်
၄:၄၀ ၄။ မွေးမြူသုတ
၄:၄၅ ၅။ အမျိုးသားရေးတေးကဗျာ
၄:၅၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၅ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၁၈)
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ** (အပိုင်း-၂၆)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၃၂)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အနုပညာရှင်၏တစ်နေ့တာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၃၂)
၂၃။ ဂီတရင်ခုန်သံ

အောက်ပိုင်းဒေသများ ညအပူချိန်ပိုနေမည်

နေပြည်တော် ဒီဇင်ဘာ ၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်ပိုနေမည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကူးစက်မှုအန္တရာယ် ဝိုင်းဝန်းကြိုတင်ကာကွယ်

ဒေါက်တာ ခင်ညွှန့်

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကို နှစ်စဉ် ဒီဇင်ဘာလ ၁ရက်နေ့တွင် ကမ္ဘာနှင့်အဝန်း ကျင်းပမြဲဖြစ်ပါတယ်။ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကို မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်ကျင်းပရာ ယခုနှစ်တွင်လည်း အထိမ်းအမှတ်အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ကျင်းပမည်ဖြစ်ပါတယ်။

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပရခြင်းမှာ မြန်မာနိုင်ငံတွင် ပြည်သူလူထုအတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါ အန္တရာယ်များအကြောင်းကို ပိုမိုသဘောပေါက်နားလည်လာပြီး ရောဂါကူးစက်မှုကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်းဖြင့် အိပ်ချ်အိုင်ဗွီပိုးရှိသူများ၊ အေအိုင်ဒီအက်စ်ဝေဒနာသည်များနှင့် ဆက်နွယ်ရာ မိသားစုများအပေါ် ခွဲခြားနှိမ့်ချမှု လျော့ကျလာပြီး ရောဂါကူးစက်ပြန့်ပွားမှု လျော့နည်းပပျောက်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါတယ်။

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကို နှစ်စဉ် အထိမ်းအမှတ် ဆောင်ပုဒ်များချမှတ်ပြီး ဆောင်ရွက်ခဲ့ရာတွင် ယခုနှစ်ဆောင်ပုဒ်မှာ " Stop AIDS. Keep the promise. Avoid Stigma & Discrimination; Towards Universal Access." **"အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့"** ဖြစ်ပါတယ်။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုကျော်အတွင်း ကမ္ဘာတစ်ဝန်းလုံးမှာ ကပ်ရောဂါအသွင် ကူးစက်ပျံ့နှံ့ခဲ့သော ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို နိုင်ငံအသီးသီးမှာရှိသော ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်သော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ၊ မိသားစုများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ထက်သန်တဲ့ဆန္ဒများ၊ နီးကြားတက်ကြွတဲ့ စိတ်ဓာတ်များနဲ့ ထိရောက်စွာ တွန်းလှန်တိုက်ဖျက်ကြရန်နဲ့ အိပ်ချ်အိုင်ဗွီပိုးရောဂါကူးစက်ခံရသူများ၊ အေအိုင်ဒီအက်စ် ဝေဒနာခံစားနေရသူများနှင့် ၎င်းတို့၏ မိသားစုများကို ခွဲခြားနှိမ့်ချဆက်ဆံမှုမရှိဘဲ နွေးထွေးကြည်ဖြူစွာနှင့် လူသားချင်းကိုယ်ချင်းစာနာပြီး လက်တွဲကူညီ ပံ့ပိုးပြုစု စောင့်ရှောက်ပေးကြရန် တိုက်တွန်းခြင်းပင်ဖြစ်ပါတယ်။

ကမ္ဘာပေါ်တွင် အိပ်ချ်အိုင်ဗွီပိုးကို ၁၉၈၁ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှာ စတင်တွေ့ရှိခဲ့ပြီးနောက် ယခုအခါ ကမ္ဘာတစ်ဝန်းလုံးမှာ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူပေါင်း ၃၃ ဒသမ ၄သန်းခန့်ရှိပါတယ်။ နိုင်ငံတကာမှာ ရောဂါပိုးစတင်တွေ့ရှိစဉ်က ရောဂါပိုးကူးစက်ရန် အန္တရာယ်များပြားတဲ့ အပြုအမူများဖြစ်ကြတဲ့ မူးယစ်ဆေး သွေးကြောထဲ မျှဝေသုံးစွဲမှုနဲ့ လိင်အပျော်အပါးလိုက်စားမှုရှိတဲ့ လူအုပ်စုများမှာ အဓိက ကူးစက်ဖြစ်ပွားခဲ့ပြီး ယခုအခါ ရောဂါပိုးကူးစက်ရန် အန္တရာယ်နည်းပါးတဲ့ လူအုပ်စုထဲကိုပါ ကူးစက်မှုရှိလာတာတွေ့ရှိရပါတယ်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်ရေး၊ ကုသပြုစုစောင့်ရှောက်ရေးလုပ်ငန်းများနဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာ ကာကွယ်ဆေးနဲ့ အမြစ်ပြတ်ကုသနိုင်တဲ့ ဆေးများပေါ်ထွက်လာစေဖို့ နှစ်ပေါင်း ၂၀ကျော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေမယ့်လည်း ယနေ့အထိ မအောင်မြင်သေးပါ။ ဒါ့ကြောင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုးကူးစက်မှုကို ထိရောက်စွာ လျော့ကျစေရန်ဆောင်ရွက်ရာမှာ ရောဂါပိုးကူးစက်မှုဟာ လူတွေရဲ့အပြုအမူနဲ့ ပတ်သက်နေတဲ့အတွက် ရောဂါပိုးကူးစက်နိုင်တဲ့ အန္တရာယ်ရှိအပြုအမူများတဲ့ လူအုပ်စုများကို လက်လှမ်းမီဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိတဲ့အပြုအမူရှိသူတွေထဲမှာ ၎င်းတို့ရဲ့ အပြုအမူတွေပြောင်းလဲမှု အားနည်းနေခြင်းများ ရှိနေသလို ရောဂါပိုးရှိသူများဟာ မိမိတို့ကို ခွဲခြားနှိမ့်ချဆက်ဆံမှာကို စိုးရိမ်ပြီး လူသိမခံလိုတဲ့အတွက်ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု စောစီးစွာခံယူမှုနည်းပါးနေသေးတာကိုလည်း တွေ့ရှိရပါတယ်။ ရောဂါပိုးကူးစက်မှုများပြားတဲ့ အသက်အရွယ်အုပ်စုမှာလည်း ကုန်ထုတ်စွမ်းအားမြှင့်တင်ပေးနိုင်ပြီး အလုပ်လုပ်နိုင်တဲ့ လူငယ်လူရွယ်များဖြစ်ကြတဲ့အတွက် **ခုခံအားကျဆင်းမှု ကူးစက်ရောဂါဟာ ကျန်းမာရေးသာမက လူမှုရေး၊ စီးပွားရေးနဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးများကိုပါ ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် ဒီရောဂါကို နိုင်ငံအသီးသီးမှာ အမျိုးသားရေးအသွင်နဲ့ တိုက်ဖျက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း ကမ္ဘာ့နိုင်ငံများနည်းတူ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ၁၉၈၅ခုနှစ်မှ စတင်ပြီး အမျိုးသားရေးအသွင်နဲ့ ကဏ္ဍပေါင်းစုံ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။**

မြန်မာနိုင်ငံရဲ့ ခုခံအားကျဆင်းမှုကူးစက်ရောဂါသမိုင်းကြောင်းကို ဆက်လက်တင်ပြရမယ်ဆိုရင် ၁၉၈၅ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံမှာ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ရှိ၊ မရှိကို စူးစမ်းလေ့လာရေးအဖွဲ့ ဖွဲ့စည်းပြီး သုတေသနပြုကာ စောင့်ကြပ်ကြည့်ရှု လေ့လာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဦးဆုံး အိပ်ချ်အိုင်ဗွီပိုးရှိသူကို ၁၉၈၈ခုနှစ်မှာ နိုင်ငံခြားမှ ပြန်လည်ရောက်ရှိလာတဲ့ မူးယစ်ဆေးသုံးစွဲသူ သင်္ဘောသားတစ်ဦးမှာ စတင်တွေ့ရှိခဲ့ပြီး အေအိုင်ဒီအက်စ်ဝေဒနာရှင်ကို ၁၉၉၁ခုနှစ်မှာ တွေ့ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါကို အမျိုးသားကျန်းမာရေးစီမံကိန်းမှာ အဓိက ဦးစားပေးရောဂါများအနက် တစ်ခုအဖြစ်သတ်မှတ်ပြီး အမျိုးသားရေးအသွင်နဲ့ တိုက်ဖျက်လျက်ရှိပါတယ်။ ၁၉၈၉ခုနှစ်မှာ အမျိုးသားကျန်းမာရေးကော်မတီရဲ့ ဦးဆောင်လမ်းညွှန်မှုဖြင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးနဲ့ တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး နီးနွယ်တဲ့ ဝန်ကြီးဌာနများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ ပါဝင်ဖွဲ့စည်းခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ လုပ်ငန်းကော်မတီနှင့် ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့် ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှုအခြေအနေနဲ့ပတ်သက်ပြီး စဉ်ဆက်မပြတ် လေ့လာသုံးသပ်နိုင်ရန် အမြဲမပြတ်စူးစမ်းလေ့လာတဲ့လုပ်ငန်း (HIV Sentinel Surveillance) ကို ၁၉၉၂ခုနှစ်မှစတင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၈ခုနှစ် ဆန်းစစ်လေ့လာချက်များအရ ရောဂါပိုးကူးစက်ရန် အန္တရာယ်နည်းပါးတဲ့ လူအုပ်စုဖြစ်တဲ့ ကိုယ်ဝန်ဆောင်မိခင်များမှာ အိပ်ချ်အိုင်ဗွီဖြစ်ပွားနှုန်း ၁ဒသမ၃ ရာခိုင်နှုန်းနဲ့ သွေးလှူရှင်များမှာ ၀ ဒသမ၄ရာခိုင်နှုန်းရှိကာ ဖြစ်ပွားမှုနှုန်းမှာ တန့်နေကြောင်းတွေ့ ရှိရပါတယ်။ တီဘီလူနာများမှာ အိပ်ချ်အိုင်ဗွီဖြစ်ပွားနှုန်း ၁၀ရာခိုင်နှုန်းခန့်ရှိပါတယ်။ ရောဂါပိုးကူးစက်ဖို့ အန္တရာယ်များတဲ့လူအုပ်စုဖြစ်တဲ့ ပြည့်တန်ဆာအမျိုးသမီးများမှာ အိပ်ချ်အိုင်ဗွီ ဖြစ်ပွားနှုန်းဟာ ယခင်နှစ်များက ၃၃ ဒသမ ၅ရာခိုင်နှုန်းရှိရာမှ ၂၀၀၈ခုနှစ်မှာ ၁၈ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ မူးယစ်ဆေးသွေးကြောထဲ ထိုးသွင်းသူများမှာ ယခင်နှစ်များက ၆၂ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၀၈ခုနှစ်မှာ ၃၇ ဒသမ ၄၉ ရာခိုင်နှုန်းသို့လည်းကောင်း ကျဆင်းသွားတာကို တွေ့ရှိရပါတယ်။ အမျိုးသားချင်း လိင်တူဆက်ဆံသူများထဲမှာ အိပ်ချ်အိုင်ဗွီဖြစ်ပွားနှုန်းကို ၂၀၀၇ခုနှစ်မှာ ရန်ကုန်မြို့နဲ့ မန္တလေးမြို့များမှာ စတင်လေ့လာခဲ့ရာ ၂၀၀၇ ခုနှစ်မှာ ၂၉ ဒသမ ၃ရာခိုင်နှုန်းနဲ့ ၂၀၀၈ခုနှစ်မှာ ၂၈ ဒသမ ၇၅ ရာခိုင်နှုန်း တွေ့ရှိရပါတယ်။ မူးယစ်ဆေးသွေးကြောထဲထိုးသွင်းသူများနဲ့ အမျိုးသားချင်း လိင်တူဆက်ဆံသူများမှာ အိပ်ချ်အိုင်ဗွီဖြစ်ပွားနှုန်းမှာ မြင့်ဆဲဖြစ်ပါတယ်။

ယင်းစူးစမ်းလေ့လာမှုများကိုအခြေခံပြီး ခန့်မှန်းတွက်ချက်မှုများအရ **၂၀၀၀ပြည့်နှစ်မှာ အသက်အုပ်စု ၁၅-၄၉နှစ်ကြား အိပ်ချ်အိုင်ဗွီဖြစ်ပွားနှုန်းမှာ ၀ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၉ခုနှစ်တွင် ၀ ဒသမ ၆၁ ရာခိုင်နှုန်းသို့ လျော့ကျသွားပါတယ်။** ယခုအခါ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ခံထားရသူပေါင်း ခန့်မှန်းခြေနှစ်သိန်းသုံးသောင်းရှစ်ထောင်ခန့်ရှိပြီး အေအာရ်တီဆေးဝါးဖြင့်ကုသရန်လိုအပ်သူ ၇၄၀၀၀ခန့်ရှိပါတယ်။

မြန်မာနိုင်ငံတွင် ရောဂါပိုးစတင်ကူးစက်ချိန်က အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု အဓိကနည်းလမ်းဟာ မူးယစ်ဆေးဝါးသွေးကြောတွင်း မျှဝေထိုးသွင်းခြင်းကြောင့် ဖြစ်ပွားခဲ့ကြောင်းတွေ့ရှိခဲ့ပြီး ယခုအခါ ကူးစက်မှုအဓိကနည်းလမ်းဟာ အခြားကမ္ဘာ့နိုင်ငံများနည်းတူ လိင်မှတစ်ဆင့်ကူးစက်မှုဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပြည့်တန်ဆာအမျိုးသမီးများနဲ့ လိင်ဆက်ဆံဖက်အမျိုးသားများမှတစ်ဆင့် အိမ်ထောင်ရှင်အမျိုးသမီးများသို့ ကူးစက်ကာ ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ကူးစက်မှုရှိလာတာကိုလည်း တွေ့ရှိခဲ့ပါတယ်။ အိပ်ချ်အိုင်ဗွီ ပိုးကူးစက်မှုကို မြန်မာနိုင်ငံရဲ့အရှေ့ဘက် နယ်စပ်ဒေသများမှာ ပိုမိုတွေ့ရှိရပါတယ်။

ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းဌာနခွဲအောက်ရှိ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်ဟာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ လျော့နည်းပပျောက်ရန် ရည်ရွယ်ချက်ထားကာ ဆောင်ရွက်လျက် ရှိပါတယ်။ **ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၀၆-၂၀၁၀)ကို နီးနွယ်သော ဌာနဆိုင်ရာများ၊ ပြည်တွင်းနှင့်နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ ပူးပေါင်းကာရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို နည်းဗျူဟာ ၁၃ချက်နဲ့အညီ အောက်ပါအဓိကလုပ်ငန်းစဉ်ကြီး (၁၀)ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်-**

(၁) လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အာဏာပိုင်အဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်မည့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနဲ့ ပြည်သူလူထုအား **အသိပေးရှင်းလင်းဆွေးနွေးပွဲများ** ပြုလုပ်လျက်ရှိပါတယ်။

(၂) ပြည်သူလူထုအနေနဲ့ ကျန်းမာရေးဆိုင်ရာ မှန်ကန်သည့် **အပြုအမူကောင်းများ ရရှိစေရန်အတွက် အပြုအမူပြောင်းလဲရေးဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ** ဆောင်ရွက်လျက်ရှိပါတယ်။

(၃) **လိင်ဆက်ဆံမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်တဲ့လုပ်ငန်းများ**အနေနဲ့ ကာလသားရောဂါများနဲ့ ပတ်သက်ပြီး စောစီးစွာရှာဖွေကုသပေးခြင်းများကို တစ်နိုင်ငံလုံးရှိ အခြေခံကျန်းမာရေးဝန်ထမ်းများကို သင်တန်းပေးကာ ဆေးရုံ၊ ဆေးခန်းများမှာ ဆောင်ရွက်လျက်ရှိပါတယ်။

ရာခိုင်နှုန်းပြည့် ကွန်ဒုံးအသုံးပြုရေးလုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ်မှာ နယ်စပ်မြို့နှစ်ခုဖြစ်တဲ့ ကော့သောင်းနဲ့ တာချီလိတ်မြို့၊ ကူးသန်းသွားလာမှုများပြားတဲ့ ပြည်နဲ့ ပဲခူးမြို့များမှာ စတင်ကာ ဆောင်ရွက်ခဲ့ပြီး ယခုအခါ မြို့နယ် ၁၇၀တွင် ဆောင်ရွက်လျက်ရှိပါတယ်။

(၄) **မူးယစ်ဆေးဝါးသုံးစွဲမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်သည့်လုပ်ငန်းများ**ကို အဓိကအားဖြင့် ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှာ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက် လျက်ရှိပါတယ်။

(၅) **ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ အိပ်ချ်အိုင်ဗွီရောဂါကူးစက်ပြန့်ပွားမှုကာကွယ်သည့်လုပ်ငန်းများ**ကို ၂၀၀၀ပြည့်နှစ်တွင် နယ်စပ်မြို့နယ်နှစ်ခုဖြစ်သော ကော့သောင်းနှင့်တာချီလိတ်မြို့နယ်တို့တွင် စတင်ကာဆောင်ရွက်ခဲ့ပြီး ယခုအခါ မြို့နယ်ပေါင်း ၂၁၀နဲ့ ဆေးရုံပေါင်း ၃၈ရုံတွင် ဆောင်ရွက်လျက်ရှိပါတယ်။

(၆) **အိပ်ချ်အိုင်ဗွီပိုးကင်းစင်တဲ့ သွေးသွင်းကုသမှုလုပ်ငန်းများရရှိ**စေရန်အတွက်တစ်နိုင်ငံလုံးရှိ ဆေးရုံများမှာ အသုံးပြုမည့် သွေးများအား အိပ်ချ်အိုင်ဗွီပိုးစစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

(၇) **ဝေဒနာရှင်နှင့်မိသားစုများအား ကုသမှုပေးခြင်းနဲ့ သင့်လျော်တဲ့ ပြုစုစောင့်ရှောက်မှုများပေးခြင်းလုပ်ငန်းများ**အနေနဲ့ **မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုခံယူကာ အိပ်ချ်အိုင်ဗွီပိုး စစ်ဆေးခြင်းလုပ်ငန်းများ၊ တီဘီ၊ အိပ်ချ်အိုင်ဗွီ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို** ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့များနဲ့ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များတွင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခွင့်အရေးယူပြီး ဝင်ရောက်လာတဲ့ရောဂါများအား ကုသပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အိပ်ချ်အိုင်ဗွီပိုး ပြန့်ပွားမှုကို ဟန့်တားနိုင်တဲ့ **အေအာရ်တီဆေးနဲ့ ကုသမှုလုပ်ငန်း**များကို ၂၀၀၅ခုနှစ်မှစတင်ပြီး ဆောင်ရွက်ခဲ့ကာ ယခုအခါ ကျန်းမာရေး ဝန်ကြီးဌာနလက်အောက်ရှိ ဆေးရုံပေါင်း ၃၀တွင် ဆေးကုသမှုပေးလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့ပေါင်း ၁၃ဖွဲ့နှင့် ပူးပေါင်းပြီး ၂၀၀၈ခုနှစ်မှာ လူနာပေါင်း ၁၅၁၉၁ဦး၊ ၂၀၀၉ခုနှစ်တွင် လူနာပေါင်း ၂၁၁၃၈ဦးကို ကုသမှုပေးနိုင်ခဲ့ပါတယ်။ ရန်ကုန်မြို့တွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါလူနာများအတွက် အထူးကုဆေးရုံ (ဝေဘာဂီ) တွင်သာမက အထူးကုဆေးရုံ(မင်္ဂလာဒုံ)နဲ့ ယခုအခါ အထူးကုဆေးရုံ (သာကေတ) များမှာလည်း ပြုစုကုသစောင့်ရှောက်မှုများပေးလျက် ရှိပါတယ်။ ဒါ့အပြင် မည်သည့်ဆေးရုံတွင်မဆို အခြားလူနာများကဲ့သို့ပင် ခွဲခြားမှုမရှိဘဲ ပြုစုကုသစောင့်ရှောက်ပေးလျက်ရှိပါတယ်။ အေအာရ်တီဆေးဖြင့် ကုသရန်လိုအပ်သောလူနာအားလုံးကို မည်သည့်နိုင်ငံမှ ရာနှုန်းပြည့်ကုသပေးနိုင်ခြင်း မရှိသေးပါ။ လာမည့်နှစ်များမှာ ပိုမိုကုသပေးနိုင်ဖို့အတွက်လည်း စီမံချက်များရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါတယ်။

ပြီးပြည့်စုံတဲ့ စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် ဆေးရုံ၊ ဆေးခန်းများမှာကုသခြင်းသာမက **ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက်ပြုစု စောင့်ရှောက်ခြင်းလုပ်ငန်း**များကိုလည်း ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှာ ၂၀၀၆ခုနှစ် မှစတင်ပြီး ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ်မှာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပတ်စဉ် သောကြာနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက် ရှိပါတယ်-

(၁) **ကဏ္ဍစုံ ဘက်စုံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ**အနေနဲ့နီးနွယ်သော ဝန်ကြီးဌာနများ အထူးသဖြင့် ပညာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းကာ ဘဝတစ်သက်တာ သိကောင်းစရာ အိပ်ချ်အိုင်ဗွီပညာပေးခြင်းကို တွဲဖက်သင်ရိုးအဖြစ် တစ်နိုင်ငံလုံးရှိ ကျောင်းများမှာသင်ကြားလျက်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် ကာကွယ်တားဆီးရေးဗဟိုအဖွဲ့နဲ့ပူးပေါင်းကာ မူးယစ်ဆေးစွဲသူများမှာ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုအန္တရာယ်လျော့ကျရေးလုပ်ငန်းများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး လူမှုရေးဆိုင်ရာ ကူညီပံ့ပိုးမှုများနဲ့ ပြုစုစောင့်ရှောက်မှုလုပ်ငန်း များကိုလည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်း(၇)ခု၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်း (၁၈)ခုနဲ့ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်း (၂၂)ခုတို့ကလည်း ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော လမ်းညွှန်ချက်များနဲ့အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

(၂) **အထူးစီမံချက်လုပ်ငန်း**များအနေနဲ့ မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။

(၃) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ကွင်းဆင်း ကြီးကြပ်ခြင်း၊ အားသာချက်၊ အားနည်းချက်များကို နှစ်စဉ် ပြန်လည်ဆန်းစစ်ဆွေးနွေးသုံးသပ်ခြင်းလုပ်ငန်းများကို ပြုလုပ်ကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၀၆-၂၀၁၀) ကိုပြန်လည်သုံးသပ်ကာ နောင်လာမည့် ငါးနှစ်တာအတွက် မဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅)ကိုကျန်းမာရေးဦးစီးဌာန၊ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ ဦးဆောင်ပြီး နီးနွယ်သော ဌာနဆိုင်ရာများ၊ ပြည်တွင်းနဲ့ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများပူးပေါင်းကာ ပြုစုရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါဟာ ယခင်က "ကုရာနတ္ထိဆေးမရှိ" လို့ဆိုခဲ့ပါတယ်။ သို့ရာတွင် ယခုအခါ အမြစ်ပြတ်ကုသနိုင်တဲ့ ဆေးမဖော်ထုတ်နိုင်သေးပေမယ့်လည်း အိပ်ချ်အိုင်ဗွီပိုးပြန့်ပွားမှုကို ရပ်တန့်စေနိုင်တဲ့ အေအာရ်တီဆေးရှိလာခြင်း၊ မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးမှုခံယူကာ အိပ်ချ်အိုင်ဗွီပိုး ရှိ၊ မရှိ သွေးစစ်နိုင်တဲ့ ဌာနများဖွင့်လှစ်ကာ ဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် ရောဂါပိုးရှိသော်လည်း စိတ်ဓာတ်ကျစရာမလိုဘဲ နှစ်သိမ့်ဆွေးနွေးမှုခံယူကာ စနစ်တကျ ကျန်းမာရေးစောင့်ရှောက်မှုခံယူပြီး မှန်ကန်သော အပြုအမူများကျင့်သုံးပြီး နေထိုင်မည်ဆိုပါက အခြားနာတာရှည်ရောဂါများကဲ့သို့ နေထိုင်လာနိုင်ပြီဖြစ်ပါတယ်။ ဒါ့အပြင် ရောဂါပိုး ရှိသူများကလည်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းမှာ ကျန်းမာရေးဌာနနဲ့ ပူးပေါင်းကာ မိမိ တို့တတ်စွမ်းသမျှ ကူညီဆောင်ရွက်လျက်ရှိပါတယ်။ *စာမျက်နှာ ၁၁ ကော်လံ ၁သို့*

မိုးစပါးအထွက်နှုန်းမှန်ကန်ရေး မတ္တရာ၌ စံကွက်ရိတ်သိမ်း

မတ္တရာ ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကြားရွာအုပ်စု ကွင်းအမှတ် ၂၁၄၊ ပေါက်ကြွယ်အရှေ့ကွင်း ဦးပိုင်အမှတ် (၄၁/၁) ဧရိယာ ၀ဒသမ ၈၁ ဧကရှိ တောင်သူဦးအောင်မင်း၏ ရွှေသွယ်ရင်စပါးမျိုးစံကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၃ရက်နံနက် ၉နာရီက အဆိုပါကွင်းတွင်ကျင်းပရာ တစ်ဧကလျှင် စပါးအထွက်နှုန်း ၉၀ဒသမ၄၅တင်း ထွက်ရှိသည်။

ကြည့်ရှုအားပေး

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သိန်း၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနဦးစီးအရာရှိ ဦးရွှေ၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးထွေးမောင်၊ မြို့နယ်ဝါနှင့်ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကိုကိုနိုင်နှင့် မြို့နယ်စိုက် ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များနှင့် သက်ဆိုင်ရာဝန်ထမ်းများ၊ ကြားရွာအုပ်စု ရပ်ကွက်ဥက္ကဋ္ဌဦးဝင်းမောင်နှင့် တောင်သူများ ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (အောက်ပုံ) (ဉာဉ)

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၉ရက် (စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် လှူဒါန်းလိုပါက ဒေါက်တာလွင်လွင်စိုး (ရန်ကုန် ပညာရေးတက္ကသိုလ်) ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ဖုန်း-၅၃၄၄၆၉၊ ဦးအုန်းမြင့် ဖုန်း-၀၉-၈၀၂၄၁၉၄၊ ဒေါ်တင်တင်ရှု (DEPT) ဖုန်း-၅၅၇၃၀၉၊ ဦးအေးကြိုင် (ဦးစီး-၁) ဖုန်း-၅၅၇၆၄၃၊ ဦးမင်းကျော်ဝေ(ဦးစီး-၁) ဖုန်း-၅၄၄၉၈၀၊ ဦးစံထိုက်(ဦးစီး-၂) ဖုန်း-၀၂-၆၆၄၀၂၊ ဦးကျော်ဝင်းမြင့်(ဦးစီး-၃) ဖုန်း-၂၀၀၂၆၊ ဒေါ်ကြူကြူရွှေ (ဦးစီး-၃) ဖုန်း-၅၅၄၉၆၄၊ ဦးရှိန်းလိန်းအောင်ဖုန်း-၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၃၇၊ ဒေါ်ရီရီဝင်း ဖုန်း-၂၄၆၃၁၉နှင့် ဦးကျော်ဝင်း ဖုန်း-၀၂-၃၉၁၇၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မိုးကောင်းမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၁၃ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းမွှာရုံ၌ကျင်းပသည်။

ပူဇော်ကန်တော့

ဆက်လက်၍ ဦးသန်းအောင်မြင့်က သက်ကြီးပူဇော်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အသင်းသူ အသင်းသားများနှင့်မြို့နယ်သူ မြို့နယ်သားများက လှူဖွယ်ပစ္စည်းများလှူဒါန်းကြသည်။ ထို့နောက် အတွင်းရေးမှူး ဦးချစ်မောင် ဦးဆောင်၍ သက်ကြီးပုဂ္ဂိုလ် ၁၃ဦးတို့အား ဂါရဝပြုငွေများ ပေးအပ်ကြပြီး **(အပေါ်ပုံ)** စုပေါင်း ပူဇော်ကန်တော့ကြကာ အဘိုး၊ အဘွားများကိုယ်စား ဦးအောင်မြင့်က ဆုပေးစကား ပြောကြားသည်။ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကိုလည်း ဒီဇင်ဘာ ၅ရက် မွန်းလွဲ ၁ နာရီတွင် ကျောက်စိမ်းတွင်းမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ မပျက်မကွက် တက်ရောက်ကြရန်နှင့်၂၀၀၉-၂၀၁၀ ပညာသင်နှစ် ရန်ကုန်တိုင်းစာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများစာရင်းကို အမှုဆောင်များထံ ပေးပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စာမျက်နှာ ၁၀ မှ

ယခုအခါ မြို့ကြီးအချို့မှာ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု အန္တရာယ်ရှိစေနိုင်တဲ့ ပတ်ဝန်းကျင်အနေအထားများဖြစ်ကြတဲ့ ဖျော်ဖြေရေးလုပ်ငန်းများ၊ ကာရာအိုကေ၊ အရက်ဘီယာဆိုင်များ စသည်တို့ အများအပြားရှိလာပါတယ်။ ဒါ့အပြင် တိုးတက်ပြောင်းလဲလာတဲ့ ဆက်သွယ်နည်းလမ်းများမှတစ်ဆင့် အနောက်တိုင်းယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာမှုနဲ့ ကျေးရွာများအထိ ရောက်ရှိနေသော ဗီဒီယိုများမှတစ်ဆင့် လူငယ်များအတွင်း အိပ်ချ်အိုင်ဗွီပိုးကူးစက်စေနိုင်တဲ့ အပြုအမူများ တိုးပွားလာစေနိုင်တယ်ဆိုတာကို သတိပြုကာ ရောဂါပိုးကူးစက်မှုအန္တရာယ်ကို အားလုံးဝိုင်းဝန်းကြိုတင်ကာကွယ်ကြဖို့လိုပါတယ်။

မြန်မာနိုင်ငံမှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်ရေး၊ ကုသရေးနဲ့ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများမှာ နိုင်ငံတော်၏ အားပေးထောက်ခံမှု၊ အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်မှုများနဲ့အညီ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်မှုတို့ကြောင့် အသက်အုပ်စု (၁၅-၄၉) နှစ်ကြား အိပ်ချ်အိုင်ဗွီ ဖြစ်ပွားနှုန်းဟာ ၂၀၀၀ ပြည့်နှစ်မှာ အမြင့်မားဆုံးအခြေအနေမှ တဖြည်းဖြည်း ကျဆင်းလာတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ရရှိပြီးဖြစ်တဲ့ အိပ်ချ်အိုင်ဗွီဖြစ်ပွားနှုန်း တဖြည်းဖြည်းကျဆင်းလာမှုအခြေအနေကို ဆက်လက်ကျဆင်းစေရန်နဲ့ ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လျော့နည်း ပပျောက်သွားစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်သော ဌာနဆိုင်ရာများ၊ ပြည်တွင်းနဲ့ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများ၊ အိပ်ချ်အိုင်ဗွီရောဂါပိုးရှိသူများနဲ့ မိသားစုများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်းကာ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု အန္တရာယ်ရှိစေနိုင်တဲ့ အပြုအမူများကို ပြောင်းလဲစေရန် ဦးတည်တဲ့ ရောဂါကာကွယ်ရေး ပညာပေးခြင်း လုပ်ငန်းများ ပြီးပြည့်စုံသော စဉ်ဆက်မပြတ် ပြုစုကုသစောင့်ရှောက်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းအားဖြင့် ထောင်စုနှစ်ဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ပါကေးအစားထိုးကြမ်းခင်းများ ပြသ

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံ၌ ပထမဦးဆုံး တင်သွင်းပြီး စတင်ဖြန့်ချိမှုသက်တမ်း ဆယ်စုနှစ် တစ်စုခန့် ခိုင်ခံ့စွာရပ်တည်နေသော Home Distribution Group က Ready Made Floor (ပါကေး အစားထိုး) ကြမ်းခင်းပြားများကို ဒီဇင်ဘာ ၂ရက်မှ ၅ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် Home Decoration & Furniture Electronic 2010 ပြပွဲ၌ ပါဝင်ခင်းကျင်းပြသလျက်ရှိသည်။

Ready Made Floor (ပါကေးအစားထိုး) ကြမ်းခင်းပြားများကို နိုင်ငံတကာကသတ်မှတ်ထားသော Standard အတိုင်း ပါဝင်ဖွဲ့စည်းထားသော အဆင့်ဖြင့် ကုန်ကြမ်းများကို Q.C Test အဆင့်ဆင့်ဖြင့် စစ်ဆေး၍ Grade A, B, C, D၏ Specification ကို အာမခံနှင့်ထုတ်လုပ်ထားပြီး စစ်မှန်သော Grade A, B,C, ၏ Quality ကွာခြားမှုအရ မှန်ကန်သော ပစ္စည်း Specification အတိုင်း ဈေးအနိမ့်ဆုံးမှ အမြင့်ဆုံးအထိ မှန်ကန်ပွင့်လင်းစွာ ရောင်းချပေးလျက် ရှိကြောင်း၊ Ready Made Floor (ပါကေးအစားထိုး) ကြမ်းခင်းပြားများသည် Polish တင်ရန်မလို၊ ပါကေးထက် ခံနိုင်ရည်မြင့်ပြီး အချိန်ကုန်သက်သာကြောင်း။

ပစ္စည်းသီးသန့် သို့မဟုတ် ပစ္စည်းနှင့် လက်ခ သို့မဟုတ် အားလုံး အပြီးအစီးဖြင့်လည်း လွတ်လပ်စွာ ရွေးချယ်ဝယ်ယူနိုင်ကြောင်း၊ ပါကေးအစားထိုး ကြမ်းခင်းပြားများအပြင် အဆင့်မြင့် သုတ်ဆေးအစားထိုး Pwall Leather သည် 3rd Generation ဖြစ်၍ ညစ်ပေမှုကို ပြန်လည်သန့်စင်နိုင်ပြီး အဆင့်မြင့် Hotel များတွင် အသုံးပြုမှုများကြောင်း၊ Custom Made Kitchen & Furniture များကိုလည်း ဝယ်ယူသူစိတ်ကြိုက် ဒီဇိုင်းများနှင့် ခန့်မှန်း Budget အတိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ဈေးနှုန်းကွာခြားမှုအလိုက် Grade A,B,C,D ၏ Quality ကို အဆင့်မြင့် Show Room တွင် စက်ဖြင့် အခမဲ့ စမ်းသပ်ပေးပြီး New Year Promotion အထူးအစီအစဉ်အနေဖြင့် Floor တစ်ကျင်းဝယ်ယူသူတိုင်းအား နံရံကပ် Wall Covering (ပစ္စည်းသီးသန့်)တစ်ကျင်း လက်ဆောင်ပေးမည်ဖြစ်သည်။

Home Distribution Group က ဖြန့်ချိသော အရည်အသွေးမြင့်မားသည့် ပစ္စည်းများကို No. F2 to 6, 1 st Floor အောင်ဆန်းအားကစားပြိုင်ကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း (၇၃၀၈၄၈၄၀၊ ၇၃၀၈၄၈၄၁၊ ၇၃၀၈၄၈၄၂)နှင့် အမှတ်(၄၇၂) (၈၂)လမ်း (၃၄)လမ်းနှင့် (၃၅) လမ်းကြား မန္တလေးမြို့ ဖုန်း(၀၂-၃၆၈၂၆)တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖယ်ခုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မိုးဗြဲ-နောင်လိုင် - ကဖု - သစ်ယာကုန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းမှုကို နိုဝင်ဘာ ၂၅ရက်က မြို့နယ်စည်ပင် တာဝန်ရှိသူများနှင့်အတူ ကျေးရွာဥက္ကဋ္ဌတို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အောင်ဘာလေသိန်းဆုဗွာနဲ့ ကံထူးရှင်ရွေးချယ်

ရန်ကုန် ဒီဇင်ဘာ ၁

(၂၆၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း(၁၀၀၀)ဆု

ခ-၇၂၅၀၈၈

ကျပ်သိန်း(၅၀၀)ဆု

င-၆၇၉၈၁၄

ကျပ်သိန်း(၃၀၀)ဆုများ

န-၇၃၃၉၃၀
င-၈၅၆၃၂၀

ကျပ်သိန်း(၂၀၀)ဆုများ

ဃ-၈၉၀၂၇၁
စ-၇၆၀၅၂၆
စ-၉၁၅၉၅၀
ခ-၁၃၅၃၄၆
ဗ-၃၉၅၉၉၁

ကျပ်သိန်း(၁၀၀)

(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဋ-၁၁၂၄၅၃
ဋ-၆၅၀၈၂၄
တ-၆၁၈၃၃၅
ဋ-၄၉၅၁၄၃
က-၁၆၉၅၉၉
ထ-၆၁၇၈၀၁
ပ-၂၀၄၈၄၇
စ-၅၁၆၇၆၈
ဖ-၃၅၈၃၁၄
ခ-၅၁၈၂၂၂
ဋ-၇၂၉၆၉၅
ဃ-၇၅၁၉၄၈
န-၅၅၃၃၆၃

ညောင်ရွှေမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

ညောင်ရွှေ ဒီဇင်ဘာ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ရွှေ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ် မန်နေဂျာ ဦးခင်မောင်ရင်၊ ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းသိန်း၊ အတွင်းရေးမှူး ဦးတင်အောင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအောင်ဇော်မြင့်၊ မြို့နယ်မန်နေဂျာ ဦးဇော်ဝင်းထွန်း၊ မြို့နယ်စိုက်/ညှိအဖွဲ့များနှင့် မြေစာရင်းစိုက်ပျိုးရေးဝန်ထမ်းများ နိုဝင်ဘာ၂၉ရက်တွင် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကျော့မောင်ငယ်ရွာကွင်း အမှတ်(၅)၊ ဦးပိုင်အမှတ် (၁၁) ရွှေရင်အေး(ဧည့်မထအထွက်ကောင်း)စပါးစိုက်ဧက ၁၁ဒသမ ၃၀ရှိ တောင်သူ ဦးမဲ၏ လယ်မြေ၌ မိုးစပါးစံကွက် ရိတ်သိမ်းကြသည်။

စံကွက်ရိတ်သိမ်း

စံကွက်ရိတ်သိမ်းရာတွင်ခြောက်သွေ့ပြီး စပါးတစ်ဧကအထွက်နှုန်း အညံ့စံကွက် ၉၇ဒသမ ၆၁တင်း၊ အသင့်စံကွက်၁၀၆ဒသမ၃၀တင်း၊အကောင်းစံကွက်တင်း ၁၃၀ ထွက်ရှိသဖြင့် တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၁၁ ဒသမ ၃၀ တင်း ထွက်ရှိကြောင်းသိရသည်။

၂၀၀၉-၂၀၁၀ခုနှစ် ညောင်ရွှေမြို့နယ်၏လယ်မိုးစပါးတစ်ဧကပျမ်းမျှအထွက်နှုန်း ၉၉ဒသမ၁၇တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ရိတ်သိမ်းမည်

၂၀၁၀-၂၀၁၁ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မိုးစပါးစိုက် ၆၁၄၂၀၇ ဧက စိုက်ပျိုးခဲ့ရာ စပါးအထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းရေးစီမံချက်အရ စံကွက်ပေါင်း ၂၉၈၂၉ကွက် ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ်မြေစာရင်းဦးစီး)

2-12 (11).pmd 1 12/2/2010, 2:06 AM

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ဖိတ်ကြားလွှာ

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်ပါ၍ (မပျက်မကွက်) ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မြန်မာတစ်နိုင်ငံလုံး တတိယဆင့်နှင့်		
ရန်ကုန်တိုင်းဒေသကြီးတွင် တတိယဆင့်ရရှိသူ	၁	ဦး
မြန်မာတစ်နိုင်ငံလုံးသတ္တမဆင့်နှင့်		
ရန်ကုန်တိုင်းဒေသကြီးတွင် ဆဋ္ဌမဆင့်ရရှိသူ	၁	ဦး
ရန်ကုန်တိုင်းဒေသကြီးတွင် နဝမဆင့်ရရှိသူ	၂	ဦး
ရန်ကုန်တိုင်းဒေသကြီးတွင် ဒသမဆင့်ရရှိသူ	၁	ဦး
မြန်မာတစ်နိုင်ငံလုံးတွင် သင်္ချာအိုလံပစ်တတိယရရှိသူ	၁	ဦး
ခြောက်ဘာသာဂုဏ်ထူးရှင်	၁၇	ဦး
ငါးဘာသာဂုဏ်ထူးရှင်	၈၉	ဦး
လေးဘာသာဂုဏ်ထူးရှင်	၁၅၆	ဦး
သုံးဘာသာဂုဏ်ထူးရှင်	၇၀	ဦး
နှစ်ဘာသာဂုဏ်ထူးရှင်	၅၈	ဦး
တစ်ဘာသာဂုဏ်ထူးရှင်	၁၀၀	ဦး

အခမ်းအနားအစီအစဉ်

ကျင်းပမည့်နေ့ရက် - ၁၂-၁၂-၂၀၁၀ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈ နာရီ
ကျင်းပမည့်နေရာ - ဒဂုံသီရိခန်းမ၊ အထက(၁)ဒဂုံ

မှတ်ချက်။ ။ ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ ကျောင်းဝတ်စုံဖြင့် တက်ရောက်ကြပါရန်။

မိဘဆရာအသင်း၊ အထက(၁)ဒဂုံ။

မြန်မာနိုင်ငံစာရင်းကောင်စီ စာရင်းကိုင်အလုပ်သင်နှင့်သင်တန်းကြီးကြပ်ရေးကော်မတီ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်းစာမေးပွဲကျင်းပခြင်း

၁။ ၂၀၁၀ပညာသင်နှစ်၊ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) သင်တန်းစာမေးပွဲကို နေပြည်တော်စာစစ်ဌာန (စာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်-၁၂၊ နေပြည်တော်)နှင့် ရန်ကုန်စာစစ်ဌာန(စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့)နှစ်ခုခွဲ၍ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၇ရက်မှ ၂၁ရက်အထိ တစ်ပြိုင်တည်း ကျင်းပပါမည်။

၂။ စာမေးပွဲအချိန်စာရင်းကို အထက်ဖော်ပြပါလိပ်စာများတွင် ကြေညာထားပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဝယ်ယူ၍ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂ရက်မှ ၂၂ရက်အထိ ရုံးဖွင့်ရက်များ၌ (၁၀:၀၀နာရီမှ ၁၄:၀၀နာရီ အတွင်း) စာမေးပွဲကြေး ကျပ် ၂၀၀၀ ပေးသွင်းပြီး ယင်းငွေရပြေစာမူရင်း၊ လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း+မိတ္တူ)ပြသ၍ ဖြေဆိုသူကိုယ်တိုင် ဖြေဆိုခွင့်လျှောက်လွှာ တင်သွင်းရမည်။ မိမိတို့ သင်တန်းတက်ရောက်ရာ သင်တန်းကျောင်း (စာစစ်ဌာန)တွင်သာ လျှောက်လွှာတင်သွင်းကြရမည်။

၄။ အောက်ပါအချက်အလက်များနှင့် ကိုက်ညီသူများသာလျှင် ဖြေဆိုခွင့် လျှောက်ထား ရပါမည်။

(က) ဖွင့်လှစ်ဆဲသင်တန်းကို တက်ရောက်ပြီး ဖြေဆိုမည့်သူများအတွက် သင်တန်းကာလ ကိုးလအတွင်း၊

(ခ) ယခင်စာမေးပွဲများတွင် ကျရှုံးခဲ့သူများ (ယခင်ဖြေဆိုခဲ့သည့် အထောက်အထား တင်ပြရမည်)။

၅။ ဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာစစ်ဌာနအသီးသီးတွင် ၂၀၁၁ခုနှစ် ဇန်နဝါရီ ၃ရက်မှ ၁၄ရက်အတွင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးပါမည်။ စာမေးပွဲ စတင်ဖြေဆိုသည့်ရက်တွင် လုံးဝထုတ်ပေးမည်မဟုတ်ပါ။

၆။ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအတွက် မည်သည့်အကြောင်းပြချက်ကိုမျှ လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

စာရင်းကိုင်အလုပ်သင်နှင့်သင်တန်းကြီးကြပ်ရေးကော်မတီ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နေ (ဦးပေ-ဒေါ်ခင်အေး)တို့၏သား

ဗိုလ်ကြီးစံရွှေမြင့် B.Sc(Physics) M.Sc(D.S.A)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၅၅)ရပ်ကွက်၊ ရွှေအင်းဝလမ်း၊ အမှတ် (၄၅၉/၄၆၀)နေ ဦးမြသိန်း-ဒေါ်ခင်ပြုံးတို့၏သမီး

မစုမြတ်ခိုင် B.Sc (Chemistry)

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)

တို့သည် ၁၈-၁၁-၂၀၁၀ရက်(ကြာသပတေးနေ့)တွင် မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

မိဘဆွေမျိုးများနှင့် ဗိုလ်ကြီးစံရွှေမြင့်-မစုမြတ်ခိုင်။

ဦးရာလူရောင်းမည်

ပေ ၄၀×ပေ၆၀ မြေကွက်ပေါ်ရှိ တစ်ထပ်ခွဲ အုတ်ညှပ်တိုက် အဝီစိရေ+မီး+မြေဖို့၊ ခြံခတ်ပြီး။ **ရောင်းဈေး ကျပ် ၁၀၅သိန်း။**

အမှတ် ၆၂၊ (၈)ရပ်ကွက်၊အင်ကြင်းလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၅၈၄၆၆၀၊၀၉-၅၀၆၅၄၅၇။

ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ကတ္တရာလမ်းခင်း

တောင်တွင်းကြီး ဒီဇင်ဘာ ၁

မကွေးတိုင်းဒေသကြီး ခရိုင်ချင်းဆက်လမ်းအမှတ်(၁) တောင်တွင်းကြီး မြို့နယ်အပိုင်းတွင် ကတ္တရာလမ်းပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်သည့် လုပ်ငန်းခွင်သို့ နိုဝင်ဘာ ၂၉ရက်က အမှုဆောင်အရာရှိမှ သွားရောက်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကာလင်းဖလားကို မန်ယူတို့ ပေါက်ခွတ်ခဲ့ရ အာကြီးတို့ အကြိုဗိုလ်လုပွဲတက်ပြီ

မောင်မောင်မြင့်ဆွေ ရေးသားသည်

လန်ဒန် ဒီဇင်ဘာ ၁

ကာလင်းဖလားကွာတားဖိုင်နယ်ပွဲစဉ်တွေကို ဒီဇင်ဘာ ၁ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ လက်ရှိကာလင်းဖလား ချန်ပီယံမန်ယူတို့ ဝက်စ်ဟမ်းကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာမို့ ဒီနှစ်ဘောလုံးရာသီမှာတော့ လက်ထဲကဖလားတစ်လုံးကို ပထမဆုံး လက်လွှတ်ဆုံးရှုံးခဲ့ရပြီဖြစ်ပါတယ်။

ဝက်စ်ဟမ်းနဲ့ မန်ယူ

အဓိကပွဲထွက်ကစားသမားတွေကို ချန်လှပ်ပြီး ဘီဘီ၊ အိုဘာတန်၊ ဟာနန်ဒက်ဇ်တို့ကို ဦးဆောင်ပွဲထွက်စေခဲ့တဲ့ မန်ယူအသင်းဟာ ဆီးနင်းတွေကျနေတဲ့ ဝက်စ်ဟမ်းရဲ့ အက်တွန်ပက်ခ်ကွင်းမှာ စပက်တာရဲ့ သွင်းဂိုးနဲ့ပွဲချိန် ၂၂မိနစ်မှာ အဖွင့်ဂိုးပေး လိုက် ရတာ ဖြစ်ပါတယ်။ အဲဒီနောက် ပွဲချိန် ၃၇မိနစ်မှာ စပက်တာ၊ ပွဲချိန် ၅၆မိနစ်နဲ့ ၆၆မိနစ်တို့မှာ ကာလ်တန် ကိုးလ်ရဲ့ သွင်း ဂိုး တွေကြောင့် မန်ယူတို့ လေးဂိုးပြတ်နဲ့ ကွာတား အဆင့်ကနေ ထွက်စေခဲ့တာ ဖြစ်ပါတယ်။

မန်ယူက ချေပဂိုးတွေရရှိဖို့ ပွဲချိန် ၄၆ မိနစ်မှာ ဘီဘီအစား မာချေဒါ၊ ပွဲချိန် ၇၂ မိနစ်မှာ အီဗန့်အစား ဘရောင်း၊ ဖာဘီရို အစား ရာဖေးလ်နဲ့ ဒါဆေးလ်ဗားတို့ကို ထည့်သွင်းကစားစေခဲ့ပေမယ့် ချေပဂိုး တစ်ဂိုးမျှ မသွင်းနိုင်ဘဲ ရှုံးနိမ့်ခဲ့ခြင်း ဖြစ်ပါတယ်။ မန်ယူကို အခုလို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဟာ ဝက်စ်ဟမ်းအသင်းအတွက် နှစ်ပေါင်း ၂၀ အတွင်းမှာ ကာလင်းဖလား အကြိုဗိုလ်လုပွဲကို ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

မန်ယူကို ဂိုးသွင်းပြီးနောက် ဝက်စ်ဟမ်း တိုက်စစ်မှူး စပက်တာ (ဝဲအစွန်) ဤသို့ အောင်ပွဲခံခဲ့သည်။

အာဆင်နယ်နဲ့ ဝီဂန်

ကာလင်းဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အိမ်ကွင်းမှာကစားရပေမယ့် အာဆင်နယ်တို့ အခွင့်အရေးရသမျှ ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ခဲ့ပါတယ်။ ဘင့်တနာ၊ ဗန်ပါစီ၊ ဗီလာတို့တိုက်စစ်အားကြောင့် ပထမပိုင်းပွဲစချိန်တွေမှာ ဂိုးကံခေခဲ့ပေမယ့် ပွဲချိန် ၄၂မိနစ်မှာတော့ ဝီဂန်နောက်ခံလူ အယ်ကာရက်ဇ်က ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်ခဲ့တာမို့ အာဆင်နယ်တို့ လက်ဆောင်ဂိုးရရှိခဲ့ပါတယ်။ ဒုတိယပိုင်းပွဲချိန် ၆၇မိနစ်အရောက်မှာ အာဆင်နယ်တိုက်စစ်မှူး ဘင့်တနာက ဂိုးသွင်းယူနိုင်ခဲ့တာမို့ ဝီဂန်ကို နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ အာဆင်နယ်တို့ တက်ရောက် နိုင်ခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကတော့ ကာလင်းဖလားကို ရအောင်ယူမယ်လို့ ကြုံးဝါးထားပါတယ်။ ဒါပေမယ့် အာဆင်နယ်ရဲ့ လက်ရှိခြေစွမ်းအရ ခက်ခက်ခဲခဲ ဖြတ်သန်းရမှာတော့ အမှန်ပါပဲ။ ။

(အင်တာနက်)

အားကစားမြင့်တင် စိတ်လန်း၍ ဆန့်ကျင်မှုးယစ်ဆေး

◆ *ကျောဖုံးမှ*

ဒီအထဲမှာ စပိန်နဲ့ပေါ်တူဂီ၊ နယ်သာလန်နဲ့ ဘယ်လ်ဂျီယံတို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့် လျှောက်ထားကြတာ ဖြစ်ပါတယ်။ အင်္ဂလန်အသင်းကတော့ ၁၉၆၆ခုနှစ် ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲခဲ့ပြီးနောက် ပထမဆုံးအကြိမ် အိမ်ရှင်ကျင်းပခွင့် လျှောက်ထားတာဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်

၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် လျှောက်ထားကြတဲ့ နိုင်ငံတွေကတော့ ဂျပန်၊ ဩစတြေးလျ၊ အမေရိကန်၊ တောင်ကိုရီးယားနဲ့ ကာတာနိုင်ငံတို့ပဲ ဖြစ်ပါတယ်။

အင်္ဂလန်နိုင်ငံက ၁၉၆၆ ခုနှစ်မှာ ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ ဒီနှစ်မှာပဲ အင်္ဂလန်အသင်း ဗိုလ်စွဲခဲ့ပါတယ်။ အကယ်၍ အင်္ဂလန်တို့ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရမယ်ဆိုရင် ဝင်ဘလေကွင်းဟာ အဓိကပြိုင်ပွဲကြီးများ ကျင်းပမယ့်ကွင်းဖြစ်ပါတယ်။ ဒီကွင်းဟာ ပရိသတ် ၉၀၀၀၀ကျော် ဝင်ဆံ့တဲ့ကွင်းကြီးဖြစ်ပါတယ်။ လက်ရှိပရီမီယာလိဂ်ကွင်းတွေလည်းရှိနေတာကြောင့် ဖီဖာက အင်္ဂလန်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရဖို့ အခွင့်အလမ်းတွေ ပိုများနေပါတယ်။

စပိန်

စပိန်နိုင်ငံဟာ ၁၉၈၂ ခုနှစ်မှာ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ အကယ်၍ ဖီဖာက စပိန်ကို ရွေးမယ်ဆိုရင် ရီးရဲမက်ဒရစ်ရဲ့ ဘာနေဗျူးကွင်းဟာ အဓိကပြိုင်ပွဲများ ကျင်းပမယ့်ကွင်းဖြစ်ပါတယ်။ စပိန်အသင်းက ယူရို ၂၀၀၈နဲ့ ၂၀၁၀ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။

ဘယ်လ်ဂျီယံနဲ့ နယ်သာလန်တို့ဟာ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ကျင်းပခွင့်မရသေးတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ အကယ်၍ ကျင်းပခွင့်ရခဲ့မယ်ဆိုရင် ဘယ်လ်ဂျီယံက ဘရပ်ဆဲလ်ကွင်း၊ နယ်သာလန်က ဖေယင်နူးကွင်းတို့မှာ အဓိကပြိုင်ပွဲများ ကျင်းပကြမှာဖြစ်ပါတယ်။

ရုရှားနိုင်ငံဟာလည်း ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် ကျင်းပခွင့် မရသေးတဲ့ နိုင်ငံဖြစ်ပါတယ်။ ဂျပန်နိုင်ငံကတော့ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားမှာ တောင်ကိုရီးယားနဲ့ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့် ရခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ ဩစတြေးလျ နိုင်ငံဟာလည်း ကမ္ဘာ့ဖလားကို တစ်ကြိမ်မျှ မကျင်းပသေးတဲ့ နိုင်ငံဖြစ်ပါတယ်။ အကယ်၍ ကျင်းပခွင့်ရမယ်ဆိုရင် မဲလ်ဘုန်းခရစ်ဘက်ကွင်းမှာ ကျင်းပမှာဖြစ်ပါတယ်။

အမေရိကန်ကတော့ ၁၉၉၄ ခုနှစ်မှာ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ တောင်ကိုရီးယားကတော့ ၂၀၀၂ ခုနှစ်မှာ ဂျပန်နဲ့အတူ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခဲ့ပါတယ်။

ကာတာနိုင်ငံကတော့ ကမ္ဘာ့ ဖလားဘောလုံးပြိုင်ပွဲကို တစ်ကြိမ်မျှ မကျင်းပသေးတဲ့ နိုင်ငံဖြစ်ပါတယ်။ အကယ်၍ ကျင်းပခွင့်ရခဲ့မယ်ဆိုရင် ဒိုဟာမှာရှိတဲ့ လူဆေးကွင်းမှာ အဓိက ပြိုင်ပွဲတွေ ကျင်းပဖို့စီစဉ်လျက်ရှိပါတယ်။ ။

ကိုးကား-အင်တာနက်

ဒဂုံတက္ကသိုလ်

(၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ်မှ ၂၀၁၀ခုနှစ် မေလ၊ ဇွန်လ၊ ဇူလိုင်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလများတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ B.A (Business Law)၊ B.Sc(Engg;)ဘွဲ့၊ ပြင်ပဖြေဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိပြီးသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်ပါသည်။

၁။ (၂၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၇-၁-၂၀၁၁ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း နံနက် ၉:၀၀နာရီ

မဟာသုတေသနဘွဲ့ - မြန်မာစာ၊ ကုန်ထုတ်ဓာတုဗေဒ
မဟာဝိဇ္ဇာဘွဲ့ - မြန်မာစာ
မဟာသိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ
သိပ္ပံဂုဏ်ထူးဘွဲ့ - ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံ
ဝိဇ္ဇာဘွဲ့ - မြန်မာစာ
သိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံ
B.A(Business Law) - Business Law
B.Sc(Engg;) - Electronics၊ Information Technology၊ Chemical Technology၊ Gem and Gem Mining၊ Food Technology၊ Cosmetic Technology၊ Biotechnology

ညနေပိုင်း မွန်းလွဲ ၂:၀၀ နာရီ

မဟာဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ၊ မနုဿဗေဒ
မဟာသိပ္ပံဘွဲ့ - သတ္တဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - အင်္ဂလိပ်စာ၊ မနုဿဗေဒ
သိပ္ပံဂုဏ်ထူးဘွဲ့ - အဏုဇီဝဗေဒ၊ သတ္တဗေဒ
ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ၊ မနုဿဗေဒ
သိပ္ပံဘွဲ့ - Biotechnology၊ အဏုဇီဝဗေဒ

(အစမ်းလေ့ကျင့်ရန် ၂၂-၁-၂၀၁၁ ရက် နံနက် ၉:၀၀ နာရီ)

၂။ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၈-၁-၂၀၁၁ ရက် (သောကြာနေ့)

နံနက်ပိုင်း နံနက် ၉:၀၀ နာရီ

မဟာသုတေသနဘွဲ့ - ဓာတုဗေဒ
မဟာဝိဇ္ဇာဘွဲ့ - ပထဝီဝင်
မဟာသိပ္ပံဘွဲ့ - ဓာတုဗေဒ၊ ရူပဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - ပထဝီဝင်
သိပ္ပံဂုဏ်ထူးဘွဲ့ - ဓာတုဗေဒ၊ နျူကလီယရူပဗေဒ၊ မိုးလေဝသပညာ
ဝိဇ္ဇာဘွဲ့ - ပထဝီဝင်
သိပ္ပံဘွဲ့ - ဓာတုဗေဒ(ခုံအမှတ် ဥဓ-၁ မှ ဥဓ-၂၅၀အထိ)
ရူပဗေဒ(ခုံအမှတ် ဥရပ-၁ မှ ဥရပ-၂၀၀အထိ)
နျူကလီယရူပဗေဒ

ညနေပိုင်း မွန်းလွဲ ၂:၀၀ နာရီ

မဟာသုတေသနဘွဲ့ - ရူပဗေဒ
မဟာဝိဇ္ဇာဘွဲ့ - ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ
သိပ္ပံဂုဏ်ထူးဘွဲ့ - ရူပဗေဒ
ဝိဇ္ဇာဘွဲ့ - ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ
သိပ္ပံဘွဲ့ - ဓာတုဗေဒ(ခုံအမှတ် ဥဓ-၂၅၁မှအထက်)
ရူပဗေဒ(ခုံအမှတ် ဥရပ-၂၀၁မှအထက်)

(အစမ်းလေ့ကျင့်ရန် ၂၂-၁-၂၀၁၁ ရက် မွန်းလွဲ ၁:၀၀ နာရီ)

၃။ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၉-၁-၂၀၁၁ ရက် (စနေနေ့)

နံနက်ပိုင်း နံနက် ၉:၀၀ နာရီ

မဟာသုတေသနဘွဲ့ - ဘူမိဗေဒ၊ ဇီဝဓာတုဗေဒ
မဟာသိပ္ပံဘွဲ့ - ဘူမိဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - သမိုင်း
သိပ္ပံဂုဏ်ထူးဘွဲ့ - ဇီဝဓာတုဗေဒ
ဝိဇ္ဇာဘွဲ့ - သမိုင်း၊ မြန်မာမှု
သိပ္ပံဘွဲ့ - ဘူမိဗေဒ၊ ဇီဝဓာတုဗေဒ

ညနေပိုင်း မွန်းလွဲ ၂:၀၀ နာရီ

မဟာသုတေသနဘွဲ့ - ရှေးဟောင်းသုတေသနပညာ၊ သင်္ချာ
မဟာဝိဇ္ဇာဘွဲ့ - စိတ်ပညာ၊ ရှေးဟောင်းသုတေသနပညာ
မဟာသိပ္ပံဘွဲ့ - သင်္ချာ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - ရှေးဟောင်းသုတေသနပညာ
သိပ္ပံဂုဏ်ထူးဘွဲ့ - သင်္ချာ
ဝိဇ္ဇာဘွဲ့ - စိတ်ပညာ၊ ရှေးဟောင်းသုတေသနပညာ
သိပ္ပံဘွဲ့ - သင်္ချာ

(အစမ်းလေ့ကျင့်ရန် ၂၃-၁-၂၀၁၁ ရက် နံနက် ၉:၀၀ နာရီ)

၄။ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၃၀-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း နံနက် ၉:၀၀ နာရီ

မဟာသုတေသနဘွဲ့ - ဥပဒေပညာ
မဟာဥပဒေဘွဲ့ - ဥပဒေပညာ
မဟာဝိဇ္ဇာဘွဲ့ - သမိုင်း
ဥပဒေဘွဲ့ - ဥပဒေပညာ
သိပ္ပံဘွဲ့ - သတ္တဗေဒ

ညနေပိုင်း မွန်းလွဲ ၂:၀၀ နာရီ

မဟာသုတေသနဘွဲ့ - ရုက္ခဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - အရှေ့တိုင်းပညာ
သိပ္ပံဂုဏ်ထူးဘွဲ့ - ရုက္ခဗေဒ၊ စာရင်းအင်းပညာ
ဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ
သိပ္ပံဘွဲ့ - ရုက္ခဗေဒ၊ စာရင်းအင်းပညာ

(အစမ်းလေ့ကျင့်ရန် ၂၃-၁-၂၀၁၁ ရက် မွန်းလွဲ ၁:၀၀ နာရီ)

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၁၉-၁-၂၀၁၁ရက်မှ ၂၁-၁-၂၀၁၁ ရက်အထိ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်တွင် ထုတ်ပေးပါမည်။

လှမြင့်
မော်ကွန်းထိန်း
ဒဂုံတက္ကသိုလ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ဒဂုံတက္ကသိုလ်

(၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ် ၂၀၁၀ခုနှစ် မေလ၊ ဇွန်လ၊ ဇူလိုင်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလများတွင်ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ B.A (Business Law), B.Sc(Engg;)ဘွဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂ရက်မှ ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၃၁ရက်အထိ လျှောက်လွှာများကို တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင်ရယူလျက် မကြာသေးမီကရိုက်ကူးထားသော ၂" ×၁½ " အရွယ် ဓာတ်ပုံနှစ်ပုံ[အမျိုးသမီးများ မြန်မာအမျိုးသမီးဝတ်စုံဖြင့် အမျိုးသားများ မြန်မာအမျိုးသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံအပြည့်ဖြင့်] နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာ၍ ပူးတွဲလျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

၄။ ဘွဲ့နှင်းသဘင်ပုံစံ တင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ကျပ် ၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)ပေးသွင်းကြရမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)ပေးသွင်းကြရပါမည်။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ဒဂုံတက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာတွဲ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

လှမြင့်
မော်ကွန်းထိန်း၊ ဒဂုံတက္ကသိုလ်။

စတုဘုမ္မိက နိကာယဆရာတော်ကြီးများအား

စုပေါင်းပူဇော်ပွဲကျင်းပမည်

အနယ်နယ်အရပ်ရပ်မှ ကြွရောက်လာသော စတုဘုမ္မိက နိကာယဆရာတော်ကြီးများအား ရန်ကုန်မြို့ရှိ သာဝကများမှ နှစ်စဉ် စုပေါင်းပူဇော်ပွဲကို သင်္ဃန်းကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်း၊ စတုဘုမ္မိက မဂ္ဂင်ရိပ်သာတွင် ဒီဇင်ဘာ ၁၉ရက်၌ ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်သာဝကများမှ ဖုန်း-၀၁-၅၇၂၂၄၄၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၅၇၁၈၂၉၊ ဦးဝင်းကြိုင် ဖုန်း-၀၁-၅၆၄၉၁၃၊ ဒေါ်စန်းလှိုင်နှင့် ဖုန်း-၀၁-၅၄၇၄၁၁ ဦးလှဝင်းတို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

စတုဘုမ္မိက သာသနာပြန့်ပွားရေးအကျိုးဆောင်အဖွဲ့
ပြည်သာယာ၊ ရန်ကုန်မြို့။

တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဦးဝင်းနိုင် ၁၂/တမန(နိုင်)၀၇၂၉၈၀ နှင့် ကျွန်ုပ်၏မိတ်ဆွေ မအိအိပြုံး ၆/မမန(နိုင်)၁၂၅၅၉၃ တို့သည် ၂၄-၇-၂၀၀၉ရက်တွင် တာမွေတွဲဖက်မြို့နယ် တရားသူကြီး ဦးမြင့်ဆွေ (တ/၂၂၉၅)၏ရှေ့မှောက်၌ မြန်မာ့ဓလေ့ထုံးစံနှင့်အညီ တရားဝင်ထိမ်းမြားလက်ထပ်ခဲ့ကြပြီး ယခုသားငယ် ခုနစ်လသား ယောကျ်ားကလေးတစ်ယောက် ထွန်းကားခဲ့ပါသည်။ ဒေါ်အိအိပြုံးသည် မယားဝတ္တရားနှင့်အညီ လင်ယောကျ်ားအပေါ် သစ္စာရှိစွာ ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိပြုံးနှင့် ဦးဝင်းနိုင်တို့သည် တရားဝင်လင်မယားအဖြစ် တည်ရှိနေပြီး ကွာရှင်းပြတ်စဲခြင်းမရှိသေးဘဲ ဒေါ်အိအိပြုံးသည်သာလျှင် ဦးဝင်းနိုင်၏ တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်အိအိပြုံး၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမျိုးချစ် LL.B (စဥ်-၁၉၉၇၃)
ဥပဒေအကြံပေးနှင့် ဥပဒေအကျိုးဆောင်
ရွှေစံမြတ်အထွေထွေဝန်ဆောင်မှုလုပ်ငန်း
အမှတ်-၃၁၊ မြေညီထပ်၊ ၉လမ်း၊ (၄)ရပ်ကွက်၊ လမ်းမတော်၊
ဖုန်း-၂၂၇၅၀၀၊ ၀၉-၉၈၂၂၁၅၆။

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ (၂)ရပ်ကွက်၊ သဇင်လမ်းသွယ် အမှတ် ၇ နေ ဒေါ်ခင်သန်း ၁၂/သခန(နိုင်)၀၀၈၈၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဘူတာရုံပိုင်း အကွက်အမှတ် ၁၁၊မြေကွက်အမှတ် ၅၀၊ ထိပ်ဝ ၆၄ပေ၊ရှေ့နောက်ပေ ၁၂၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လေးပင် သုံးခန်း၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နှစ်ထပ်အိမ်တစ်လုံးနှင့် သုံးပင်နှစ်ခန်း၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး၊ စပါးကျီတစ်လုံးအပါအဝင် ဆက်စပ်သည့် အကျိုးခံစားခွင့်များသည် မိဘများဖြစ်ကြသော ဦးဖိုးထွန်း၊ ဒေါ်စောလှိုင်တို့၏ ပိုင်ဆိုင်သောမြေနှင့် အဆောက်အအုံများဖြစ်ပါသည်။

ယခုအခါ မိဘများကွယ်လွန်ခဲ့ပြီဖြစ်၍ သားသမီးများဖြစ်ကြသော ညီအစ်ကိုမောင်နှမ ခုနစ်ဦးတို့က ဖော်ပြပါအမွေပစ္စည်းများကို အမွေဆက်ခံခွင့်ရရှိခဲ့ပြီးဖြစ်ပါသည်။ သားသမီးခုနစ်ဦးတို့မှာ (၁) ဦးချစ်တင်(ကွယ်လွန်)၊ (၂) ဒေါ်တင်မြ(ကွယ်လွန်)၊ (၃) ဒေါ်တင်အုန်း၊ (၄) ဒေါ်ခင်လှ၊ (၅) ဒေါ်ဝင်းကြည်၊ (၆) ဒေါ်ခင်သန်း၊ (၇) ဦးခင်စိန်တို့ ဖြစ်ကြပါသည်။

ဖော်ပြပါခြံမြေနှင့် နေအိမ်အဆောက်အအုံတို့ကို (၁) ဒေါ်ခင်လှ၊ (၂) ဒေါ်ဝင်းကြည်၊ (၃) ဒေါ်ခင်သန်း၊ (၄) ဦးခင်စိန်၊ (၅) ဦးသောင်းမြင့် (ကွယ်လွန်သူ ဦးချစ်တင်၏သားကြီး)တို့၏ သဘောတူခွင့်ပြုချက်မရဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် တားမြစ်လိုက်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်နွယ်နီလှိုင်	**ဦးမြင့်သန်း**
အထက်တန်းရှေ့နေ(စဥ်-၂၉၂၀၈)	**တရားရုံးချုပ်ရှေ့နေ (စဥ်-၆၀၈၁)**
အမှတ်-၁၉၇၊ အောင်သပြေလမ်း၊	**အမှတ်-၄၄၊ ဦးသက်တင်လမ်း၊**
(၃)ရပ်ကွက်၊ သုံးခွမြို့။	**(၇)ရပ်ကွက်၊ သုံးခွမြို့။**

ရန်ကုန်တက္ကသိုလ်

ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်တက္ကသိုလ်မှ ၂၀၁၀-၂၀၁၁ခုနှစ်အတွင်း အောက်ဖော်ပြပါ (ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများ၏ (၁၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပမည်ဖြစ်ပါသဖြင့် ဘွဲ့လျှောက်လွှာပုံစံများကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်(၂×၁½)လက်မအရွယ် ဓာတ်ပုံနှစ်ပုံ ပူးတွဲလျက် ၂-၁၂-၂၀၁၀ ရက်မှ ၁၅-၁၂-၂၀၁၀ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

(က) (၁၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၈-၁-၂၀၁၁ရက် နံနက်ပိုင်း အစီအစဉ်

နံနက် ၉:၀၀နာရီ

ပါရဂူဘွဲ့ - သမိုင်း၊ ရူပဗေဒ
ဒီပလိုမာဘွဲ့ - G I S
ဝိဇ္ဇာဘွဲ့ - ရန်ကုန်သမဝါယမဒီဂရီကောလိပ်

အစမ်းလေ့ကျင့်ရန် ၆-၁-၂၀၁၁ရက် နံနက် ၉:၀၀နာရီ

(ခ) (၁၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၈-၁-၂၀၁၁ရက် မွန်းလွဲပိုင်း အစီအစဉ်

မွန်းလွဲ ၂:၀၀နာရီ

ပါရဂူဘွဲ့ - အရှေ့တိုင်းပညာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ
ဒီပလိုမာဘွဲ့ - DL (ပြင်ဦးလွင်)၊ ကွန်ပျူတာဒီပလိုမာ EDCS (WBTS)၊ PGDCA၊ DIR၊ Diploma in English (Global 2/2010)
ဝိဇ္ဇာဘွဲ့ - EPP

အစမ်းလေ့ကျင့်ရန် ၆-၁-၂၀၁၁ရက် နံနက် ၉:၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်ကြေး ကျပ် ၁၅၀၀၊ အဝေးရောက်ဘွဲ့ကြေး ကျပ် ၁၀၀၀ ပေးသွင်းရမည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လာရောက်တင်သွင်းသူသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား မူရင်းနှင့်မိတ္တူကို ယူဆောင်၍ ကိုယ်တိုင်လာရောက်ရမည်။

၄။ ဤတက္ကသိုလ်မှ ယခင်ပထမဘွဲ့တစ်ခုရရှိပြီးသူများသည် ဘွဲ့လက်မှတ်မိတ္တူ ယူဆောင်လာရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်ကိုက်ညီသည့် (မြန်မာ့ထဘီ၊အင်္ကျီ)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၃-၁-၂၀၁၁ရက် နံနက် ၁၀း၀၀နာရီတွင် ရန်ကုန်တက္ကသိုလ် AE-16 ၌ ထုတ်ပေးမည်ဖြစ်ပါသည်။ ဘွဲ့ဝတ်စုံငှားရမ်းရာတွင် အမျိုးသားမှတ်ပုံတင်ကတ်ပြား ပေးခဲ့ရမည်။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ဖုန်း-၅၃၄၀၂၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မှတ်ချက်။ အခြားပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်ခဲ့ကြသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ကြပါသည်။

စန်းမြိုင်
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်တက္ကသိုလ်။

အထက(၁)ပန်းဘဲတန်း (စိန့်မေရီ) ကျောင်း

မြတ်ဆရာပူဇော်မည်

ရန်ကုန်မြို့ အထက(၁) ပန်းဘဲတန်း (စိန့်မေရီ)၌ ၁၉၇၀-၈၅ ခုနှစ်အတွင်း ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာမကြီးများအား ပဌမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ဧကရီခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းလိုပါက ဒေါ်နီနီမာ၊ ဒေါ်စီစီမာ ဖုန်း-၂၄၃၇၄၀၊ ၃၈၄၅၈၀၊ ဒေါ်သက်သက်ဦး ဖုန်း-၀၉-၅၁၅၆၃၀၆၊ ဒေါ်လှလှကြည် ဖုန်း-၀၉-၅၁၅၈၃၁၇၊ ဒေါ်ခင်မာလာ ဖုန်း-၅၇၀၉၆၅ (မြတ်ဂန္ဓမာစတိုး)၊ ဒေါ်တင်တင်ဦး ဖုန်း-၀၉-၅၀၀၆၄၇၈၊ ဒေါ်ဖြူဖြူ ဖုန်း-၇၂၅၅၈၆၊ ဒေါ်ခင်လေးဝင်း ဖုန်း-၀၉-၅၀၆၆၉၈၁၊ ဒေါ်မြင့်မြင့်လွင် ဖုန်း-၂၂၈၅၆၆၊ ၀၉-၉၈၂၅၇၉၁ နှင့် ဒေါ်ခင်မာစီ ကျောင်းဖုန်း-၃၇၁၉၅၈၊ ၇၃၀၀၂၂၁၈တို့သို့ ဆက်သွယ်နိုင်ပါသည်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စဉ့်ကိုင်မြို့ မြို့မရပ်နေ ဦးကျော်ခင် ၉/မရထ(နိုင်)၀၀၈၀၂၈- ဒေါ်နုနုရီ ၉/ကေတ(နိုင်) ၀၅၀၁၀၀ တို့၏ သမီး ခိုင်စန္ဒာကျော် ၉/ကေတ(နိုင်) ၀၈၄၇၆၄ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် ၂၈-၁၁-၂၀၁၀ရက်မှ စ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **(မေးမြန်းခြင်းသည်းခံပါ။)**

ဦးကျော်ခင်-ဒေါ်နုနုရီ။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၄၀၂၀ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၉/သစန(နိုင်)၀၈၀၆၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(ခရိုင်ရုံး)**
မန္တလေးတောင်ပိုင်း၊ မန္တလေးမြို့။

ခွေးရောင်းမည်

နိုင်ငံခြားမျိုး Golden Retriever အထီးအမ၊ Beagle အမ၊ Pekin၊ Shizu သားခွဲများ။

ဖုန်း-၆၅၅၅၄၃။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လန်ဒန်မြို့ရှိ ဝင်ဘလေ ဘောလုံးအားကစားကွင်းကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

၂၀၁၈ခုနှစ်နှင့် ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလား ဘယ်နိုင်ငံတွေ အိမ်ရှင်ဖြစ်လာမလဲ . . . .

မြင့်မောင်စိုး ရေးသားသည်

ဇူးရစ် ဒီဇင်ဘာ ၁

၂၀၁၈ခုနှစ်နဲ့ ၂၀၂၂ခုနှစ်တို့အတွက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် ကျင်းပခွင့်လျှောက်ထားကြတဲ့ နိုင်ငံများအနက်မှ အမှန်တကယ် ကျင်းပခွင့်ရမယ့် အိမ်ရှင်နိုင်ငံများစာရင်းကို ကမ္ဘာ့ဖလား ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာ ဒီဇင်ဘာ ၂ရက် **(ယနေ့)** ကြေညာမှာဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် ကျင်းပခွင့်လျှောက်ထားကြတဲ့ နိုင်ငံတွေကတော့ အင်္ဂလန်၊ စပိန်၊ ပေါ်တူဂီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံနဲ့ ရုရှားနိုင်ငံတို့ပဲ ဖြစ်ပါတယ်။ *စာမျက်နှာ ၁၂ ကော်လံ ၅* ◆

တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၁၁ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါ အချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပြန်ကြေညာထားသည် -

၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း

ရက်စွဲ	အချိန်	ဘာသာရပ်များ
(၁)	(၂)	(၃)
၇-၃-၂၀၁၁ တနင်္လာနေ့	နံနက်(၉)နာရီမှ (၁၂)နာရီအထိ။	မြန်မာစာ
၈-၃-၂၀၁၁ အင်္ဂါနေ့	နံနက်(၉)နာရီမှ (၁၂)နာရီအထိ။	အင်္ဂလိပ်စာ
၉-၃-၂၀၁၁ ဗုဒ္ဓဟူးနေ့	နံနက်(၉)နာရီမှ (၁၂)နာရီအထိ။	သင်္ချာ
၁၀-၃-၂၀၁၁ ကြာသပတေးနေ့	နံနက် (၉)နာရီမှ (၁၂)နာရီအထိ။	စိတ်ကြိုက်မြန်မာစာ
၁၁-၃-၂၀၁၁ သောကြာနေ့	နံနက်(၉)နာရီမှ (၁၂)နာရီအထိ	ဓာတုဗေဒ
၁၄-၃-၂၀၁၁ တနင်္လာနေ့	နံနက်(၉)နာရီမှ (၁၂)နာရီအထိ။	ရူပဗေဒ
၁၅-၃-၂၀၁၁ အင်္ဂါနေ့	နံနက်(၉)နာရီမှ (၁၂)နာရီအထိ။	{ ဇီဝဗေဒ { သမိုင်း
၁၆-၃-၂၀၁၁ ဗုဒ္ဓဟူးနေ့	နံနက်(၉)နာရီမှ (၁၂)နာရီအထိ။	ပထဝီဝင်
၁၇-၃-၂၀၁၁ ကြာသပတေးနေ့	နံနက်(၉)နာရီမှ (၁၂)နာရီအထိ	ဘောဂဗေဒ

(သတင်းစဉ်)

2-12 (20).pmd 1 12/2/2010, 2:06 AM